မြန်မာ့အလင်း

၁၂၉၃ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၀၆)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

အမေရိကန်အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏အရေးကိစ္စကို လုံခြုံရေးကောင်စီအစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် မြန်မာနိုင်ငံအပေါ် မဟုတ်မမှန် လုပ်ကြံစွပ်စွဲမှုများ ပြုလုပ်ခဲ့သည့်နည်းတူ လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံအချို့ကိုလည်း ဖိအားပေးစည်းရုံးမှုများပြုလုပ်ခဲ့ မြန်မာနိုင်ငံ၏အရေးကိစ္စသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ခြိမ်းခြောက်ရာမရောက် အမေရိကန်နှင့်ဗြိတိန်တို့က လုံခြုံရေးကောင်စီတွင်ဆုံးဖြတ်ချက်ချနိုင်ရေး တင်သွင်းသည့်မူကြမ်းကို တရုတ်နှင့်ရုရှားနိုင်ငံတို့က ဗီတိုအာဏာ Double Veto သုံး၍ ကန့်ကွက်ပယ်ချ

အမေရိကန်နှင့်ဗြိတိန်တို့၏ မမှန်မကန် တစ်ဖက်သတ်လုပ်ရပ် အောင်မြင်မှုမရရှိဘဲ ပျက်ပြား အမှန်တရားကိုမြတ်နိုးသည့် နိုင်ငံတကာပြည်သူများနှင့် မြန်မာပြည်သူများ၏အောင်ပွဲဖြစ်

နေပြည်တော် ဇန်နဝါရီ ၁၃

အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာ Double Veto သုံး၍ ကန့်ကွက်ပယ်ချလိုက်ခြင်း။

အမေရိကန်အစိုးရသည် ၎င်း၏အကျိုးစီးပွားသက်သက်အတွက် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန် ကြိုးပမ်းအားထုတ်လျက်ရှိရာ ၂၀၀၆ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ် ဂျွန်ဘိုလ်တန်က မြန်မာနိုင်ငံ၏အရေးကိစ္စသည် ဒေသတွင်း နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ထိခိုက်စေနိုင်သဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် တင်ပြတောင်းဆိုပြီး တစ်ဖက်သတ်ဖိအားပေး စည်းရုံးလုပ်ဆောင်ခဲ့သည်။

အတည်ပြုခဲ့

ယင်းကဲ့သို့ အမေရိကန်၏တင်ပြတောင်းဆိုမှုနှင့် စပ်လျဉ်း၍ ၂၀၀၆ ခုနှစ် စက်တင်ဘာလ ၁၅ရက်နေ့၌ လုံခြုံရေးကောင်စီတွင် မဲခွဲဆုံးဖြတ်ခဲ့ရာ ထောက်ခံမဲ ၁၀မဲ၊ ကန့်ကွက်မဲ လေးမဲ၊ ကြားနေမဲ တစ်မဲဖြင့် အတည်ပြုခဲ့ရပြီးနောက် မြန်မာနိုင်ငံ၏ အခြေအနေ Situation in Myanmar ခေါင်းစဉ်ဖြင့် လုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းရန် ဆုံးဖြတ်ခဲ့သည်။

မြန်မာနိုင်ငံ၏အရေးကိစ္စသည် ပြည်တွင်းရေးကိစ္စသာဖြစ်၍ ဒေသတွင်း၊ နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေနိုင်မှု မရှိသဖြင့် လုံခြုံရေးကောင်စီ၏ အစီအစဉ်တွင် ထည့်သွင်းရန်မသင့်ကြောင်း ကန့်ကွက်ခဲ့သောနိုင်ငံများတွင် လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး ဗီတိုအာဏာသုံးခွင့်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့လည်း ပါဝင်ခဲ့သည်။

ဆုံးဖြတ်ခဲ့

ယင်းကဲ့သို့ လုံခြုံရေးကောင်စီ၏ အစီအစဉ်တွင် ထည့်သွင်းမဲခွဲမှု အဆင့်၌ လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅နိုင်ငံရှိသည့်အနက် ကိုးနိုင်ငံက ထောက်ခံလျှင် အတည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ အခြေအနေ ခေါင်းစဉ်ဖြင့် လုံခြုံရေးကောင်စီ၏ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ခဲ့ရခြင်းဖြစ်သည်။

အမေရိကန်အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏အရေးကိစ္စကို လုံခြုံရေးကောင်စီ၏ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးနိုင်ရန်အတွက် မြန်မာနိုင်ငံအပေါ် မဟုတ်မမှန်လုပ်ကြံစွပ်စွဲမှုများ ပြုလုပ်ခဲ့သည့်နည်းတူ လုံခြုံရေးကောင်စီအဖွဲ့ဝင် နိုင်ငံအချို့အားလည်း ဖိအားပေးစည်းရုံးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ပြည်တွင်းမှ ပါတီနိုင်ငံရေးသမားများ၊ အမျိုးသားသစ္စာဖောက်များနှင့် ပြည်ပြေးသောင်းကျန်းသူများကလည်း အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်ဖိအားပေးလုပ်ဆောင်မှုကို ဝမ်းသာအားရ ကြိုဆိုထောက်ခံခဲ့ကြပြီး အမေရိကန်အစိုးရ၏လုပ်ရပ်များနှင့်အတူ အတိုင်အဖောက်ညီညီ အချိန်ကိုက်ပြီး လိုက်ပါလှုပ်ရှားခဲ့ကြ။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၇ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်)

မြန်မာ့သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ ပြည်ပတင်ပို့နိုင်ရေး ကြိုးပမ်းစိုက်ပျိုးထုတ်လုပ်

မြန်မာ့သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များအား ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်လျက် ရှိသည်။ ယခုအခါ ဝန်ဆောင်မှုလုပ်ငန်း တိုးတက်လာပြီး ထုတ်ကုန်ပစ္စည်းများ တန်ဖိုးမြင့်တင်လာသည်နှင့်အမျှ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေသည်။

နိုင်ငံတကာဈေးကွက် တင်ပို့နိုင်ရေးမျှော်မှန်းပြီး ပို့ကုန်ပစ္စည်းများ တာရှည်ခံ ထိန်းသိမ်းနိုင်ရေး၊ မှိုရောဂါ ကင်းရှင်းရေး၊ လေလွင့်ဆုံးရှုံးမှုနည်းပြီး အရည်အသွေး ကျဆင်းမသွားအောင် ကိုင်တွယ်ထိန်းသိမ်းမှုလုပ်ငန်းများကို ခေတ်မီနည်းများဖြင့် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်လျက် ရှိသည်။

မြန်မာ့သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များသည် မျိုးရိုးဗီဇ ပြုပြင်ထားခြင်းမရှိသည့်အပြင် သဘာဝအရသာနှင့် ပြည့်စုံပြီး ကျန်းမာရေးနှင့် ညီညွတ်သည့်အတွက် နိုင်ငံတကာဈေးကွက်တွင် အဝယ်လိုက်ကာ ဈေးကောင်းရလျက်ရှိသည်။

ဈေးကွက်၌ ဝယ်လိုအားမြင့်မားလာသည်နှင့်အမျှ မြန်မာ့သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းက သရက်၊ ဖရဲ၊ သခွားမွှေး၊ အခြားသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ၏ အရည်အသွေး ကောင်းသည်ထက်ကောင်းအောင် ခေတ်မီနည်းပညာရပ်များ အသုံးပြုပြီး တိုးချဲ့စိုက်ပျိုးထုတ်လုပ်လျက် ရှိသည်။

ထို့အပြင် စိုက်ပျိုးရေးဆိုင်ရာ နိုင်ငံတကာအတွေ့အကြုံနှင့် နည်းပညာများရရှိရေးအတွက်လည်း ပြည်တွင်း၊ ပြည်ပအသင်းအဖွဲ့များနှင့် ချိတ်ဆက်ပြီး အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ နည်းပညာရပ်များနှင့် အတွေ့အကြုံများ ဖလှယ်ခြင်းဖြင့် အသိအမြင် ဗဟုသုတများ တိုးပွားရရှိအောင် ဆောင်ရွက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ပြည်တွင်းစားသုံးမှုဖူလုံပြီး ပြည်ပသို့တင်ပို့နိုင်ရေးအတွက် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းစိုက်ပျိုး ထုတ်လုပ်သွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရွှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူ ကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

မော်လမြိုင်မြို့ အမှတ် ၉၇ အောက်လမ်းမကြီးနေ ဦးမိုး–ဒေါ်ကြည် မိသားစု (မောင်မောင် ညီညီ ကုန်မာဆိုင်)တို့က ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် သုံးထပ် ဘိုးဘွားဆောင် သစ်ကြီးအတွက် ငွေကျပ် ငါးသိန်းကို နှင်းဆီကုန်း ဘိုး ဘွား ရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄–၁–၂၀၀၇ (တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	ဆရာဦးမြင့်လွင် (သန့်–တည်–ပွား)ဟောပြောဆွေးနွေးသော အပါယ်ပိတ်တရား(အပိုင်း–၁) (ဓမ္မရဲ့ပင်ကိုသတ္တိ)
၇း၂၅	Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာ ဇော်သန်း၊ ကိုကို (စက်မှုတက္ကသိုလ်)]
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	ကျောက်ဆစ်ထွင်းထုပုံဖော်ပြု အနုမြတ်ပညာ
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	နိုင်ငံတကာအနုပညာရေးရာ
၉း၀၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀	ဆောင်းရာသီ အားလပ်ရက်များ
၉း၂၀	တေးဂီတအစီအစဉ်
၉း၂၅	အောင်မြင်ပျော်ရွှင် ဇနီးမောင်နှံဘဝတွင် (ဒါရိုက်တာ ဝင်းထွန်းထွန်း–မသစ်သစ် မြင့်ဆိုင်နှင့် တွေ့ဆုံခြင်း)
၁၀း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅	သီးနှံစိုက်ပျိုးအထွက်တိုး စပါးပန်းတိုင် အထွက်နှုန်း
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	မိသားစုတနင်္ဂနွေ (ကန်တော်ကြီး ရေချိုငါးဥယျာဉ်)
၁၀း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅	တစ်ကျော့ပြန်တီဘီ (အပိုင်း–၁) (ဒေါက်တာဇေစိုး)
၁၁း၁၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၅	မိုးလေဝသခန့်မှန်းချက်
၁၁း၃၀	Music Gallery (ပိုးအိစံ–အချစ်ဆုံးပေးတဲ့ လွမ်းသူ့စာခွေ)
၁၂း၀၅	ကုန်သွယ်စီးပွားနိုင်ငံ့အား (သွင်းကုန်လုပ်ငန်း လုပ်ထုံးလုပ်နည်းများ)
၁၂း၃၀	နိုင်ငံတကာ သတင်းအကျဉ်း
၁၂း၃၅	ပတ်ဝန်းကျင်သန့်ရှင်းဖို့ရာ ရေဆိုးသန့်စင်စက်ရုံက ကူညီမှာ
၁၂း၅၅	တေးဂီတအစီအစဉ်
၁း၀၀	MRTV-4 အပိတ် Logo

၂၀၀၇အာဆီယံချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်ပြသမည့် အစီအစဉ်

အုပ်စု(က)ပွဲစဉ်

ညနေ	ပွဲစဉ်	ပြသမည့်လိုင်း
၄း၀၀	မြန်မာနှင့် မလေးရှား	MRTV-4 (Live)

အထက်ပါခြောက်နာရီစာ အစီအစဉ်များကို
နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိတစ်ကြိမ်၊ နံနက် ၁ နာရီမှနံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၃၀	ပွဲကြိုသုံးသပ်ချက်	5-Sports (Live)
၈း၁၀	Everton-Reading	5-Sports (Live)
၁၀း၂၅	Tottenham-Newcastle	5-Sports (Live)

Series A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၃၀	AC Milan-Reggina	5-Series (Live)

ကျိုက္ကလော့စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် သမိုင်းဝင် ကျိုက္ကလော့စေတီတော်မြတ်ကြီး၏(၄၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၁ရက်က စေတီတော်မြတ်ကြီး၏ အာရုံခံတန်ဆောင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဆရာတော် သံဃာတော်များက ဦးဆောင်၍ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ပြီး အခမ်းအနားကို စတင်ဖွင့်လှစ်ပေးသည်။ ဝတ်အဖွဲ့များက ဝတ်ရွတ်စဉ်များနှင့် ရွတ်ဖတ်ပူဇော်ပြီးနောက် စေတီတော်၏ မုခ်ဦးရှေ့၌ စေတီတော်ဘက်စုံပြုပြင်မွမ်းမံရေးကော်မတီဥက္ကဋ္ဌ မင်္ဂလာဒုံ တပ်နယ်မှူး ဗိုလ်မှူးချုပ်ရာပြည့်က ဦးဆောင်၍ (၄၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဗုဒ္ဓပူဇနီယပွဲတော်ကို ၂၁ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဇန်နဝါရီ ၂၀ ရက် ညနေ၃နာရီတွင် စေတီတော်ရင်ပြင်၌ ဘုရားအမှူးရှိသော သံဃာတော်၁၀၈ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူမည်ဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

မရမ်းကုန်းမြို့နယ် အထက(၃) ၂၀၀၇ ခုနှစ် ပညာရေးစုံညီပွဲတော် အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်ကြည်က (၂၁)နှစ်ဆက်တိုက် ခွင့်ရက်မပျက် (ကျောင်းတက်မှန်)ဆုကို အလယ်တန်းပြဆရာမ ဒေါ်တင်မာဆွေအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က–ပ)

မြဝတီရုပ်မြင်သံကြား

၁၄–၁–၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၁။	ဆရာတော် ဦးဃောသိတ တရားတော် **“ဖဂ္ဂုနရဟာန်း”**

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၂၀	၄။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **“အချစ်အိမ်”**
၁၃း၅၀	၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၂၀	၄။	လက်စွမ်းပြပဟန်ဂီတသံ
၄း၃၀	၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၄၀	၆။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀	၈။	သံစဉ်များနှင့် ကမ္ဘာ
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	မိုးလေဝသသတင်း
၆း၂၅	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀	၁၃။	လျှပ်တစ်ပြက်
၆း၄၅	၁၄။	အံ့ဩဖွယ်ရာဆပ်ကပ်ပညာ
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မြစ်တစ်စင်းရဲ့သံစဉ်”** (အပိုင်း–၁၀)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	ပဟေဠိနန်းတော်
	၁၉။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၀။	English Premier League ဘောလုံးပွဲ Tottenham Hotspur Vs Newcastle United (Live)

လုံခြုံရေးကောင်စီ၏မူလတာဝန်မှာ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကိုထိန်းသိမ်းရန်သာဖြစ် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီကို ခုတုံးလုပ်အသုံးချလုပ်ဆောင်နေသော အမေရိကန်နှင့် ဗြိတိန်တို့၏လုပ်ရပ်ကိုကြားသိကြရသော

မြန်မာပြည်သူအားလုံးက အမေရိကန်အစိုးရနှင့် ဗြိတိန်အစိုးရတို့အပေါ် ခံပြင်းနာကြည်းမှုများဖြစ်ပေါ်

● ရှေ့ဖုံးမှ

မြန်မာနိုင်ငံအပေါ် အမေရိကန်အစိုးရက မဟုတ်မမှန် လုပ်ကြံစွပ်စွဲရာတွင် နိုင်ငံရေးအကျဉ်းသားများအား ဆက်လက်ဖမ်းဆီးထားမှု၊ မြန်မာနိုင်ငံအရှေ့ပိုင်းတွင် တိုင်းရင်းသားလူနည်းစုများအား ဖိနှိပ်တိုက်ခိုက်ခြင်းဖြင့် လူ့အခွင့်အရေးချိုးဖောက်နေမှု၊ HIV၊ တီဘီနှင့် ငှက်ဖျားရောဂါပြန့်ပွားနေခြင်းကို မထိန်းချုပ်နိုင်မှု၊ မူးယစ်ဆေးဝါး ထုတ်လုပ်မှုကို ထိရောက်စွာ တားဆီးနှိမ်နင်းခြင်းမရှိမှု စသည့် မမှန်ကန်သော အကြောင်းပြချက်များဖြင့် လုပ်ကြံစွပ်စွဲခဲ့ခြင်းဖြစ်သည်။

ဆန့်ကျင်ကန့်ကွက်

ထို့ကြောင့်လည်း အမေရိကန်အစိုးရ အကြောင်းပြစွပ်စွဲသကဲ့သို့ မြန်မာနိုင်ငံ၏ အရေးကိစ္စသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေနိုင်သော အရေးကိစ္စများမဟုတ်သဖြင့် လုံခြုံရေးကောင်စီအစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် လုပ်ဆောင်ခြင်းသည် မှန်ကန်၍ တရားမျှတသော လုပ်ဆောင်ချက်မဟုတ်ကြောင်း နိုင်ငံတော်နှင့်ပြည်သူတို့က သဘောထားကြေညာချက်များ ထုတ်ပြန်ကန့်ကွက်ခဲ့ကြပြီး ဖြစ်သည်။ အလားတူ မြန်မာနိုင်ငံအကြောင်း သေချာစွာ နားလည်သိရှိ သဘောပေါက်ကြသော အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ မိတ်ဆွေနိုင်ငံများနှင့် ဘက်မလိုက်အဖွဲ့ဝင် နိုင်ငံများကလည်း အမေရိကန်အစိုးရ၏ အဆိုပါလုပ်ရပ်ကို ဝိုင်းဝန်းဆန့်ကျင် ကန့်ကွက်ခဲ့ကြသည်။

ထိုသို့ မြန်မာနိုင်ငံ၏အရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစီအစဉ်တွင် ပါဝင်စေရန် ဖိအားပေး သိမ်းသွင်းလုပ်ဆောင်ခဲ့ပြီးနောက် အမေရိကန်အစိုးရသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ဗြိတိန်နိုင်ငံနှင့်ပူးပေါင်းပြီး ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံ၏ အရေးကိစ္စအပေါ် ဆုံးဖြတ်ချက် (Resolution) ချမှတ်အရေးယူနိုင်ရေး ဆက်လက်အားထုတ် လုပ်ဆောင်ခဲ့သည်။

အချိန်ကိုက်လှုပ်ရှား

ပြည်တွင်းမှ ပါတီနိုင်ငံရေးသမားများ၊ အမျိုးသားသစ္စာဖောက်များနှင့် ပြည်ပြေးသောင်းကျန်းသူများ ကလည်း အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် ဖိအားပေးလုပ်ဆောင်မှုကို ဝမ်းသာအားရ ကြိုဆို ထောက်ခံခဲ့ကြပြီး အမေရိကန်အစိုးရ၏ လုပ်ရပ်များနှင့်အတူ အတိုင်အဖောက်ညီညီ အချိန်ကိုက်ပြီး လိုက်ပါလှုပ်ရှားခဲ့ကြသည်။

ထို့နောက် ဇန်နဝါရီလ ၁၁ရက်နေ့တွင် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်ယာယီသံအမတ်ကြီး အလက်ဂျန် ဒိုဒီဝပ်က မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်ပေးရေး၊ ဒီမိုကရေစီထွန်းကားရေး အရှိန်မြှင့်လုပ်ဆောင်ရေးနှင့် တိုင်းရင်းသားနယ်မြေများတွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ရပ်တန့်ရေး အတွက် လုံခြုံရေးကောင်စီက အရေးယူဆောင်ရွက်ပေးရန် အဆိုပြုချက်မူကြမ်းတစ်ရပ်ကို ဆက်လက် တင်သွင်းခဲ့သည်။

ထိခိုက်နှောင့်နှေး

ထိုသို့ အမေရိကန်နှင့် ဗြိတိန်တို့ ဦးဆောင်တင်သွင်းသည့် အဆိုပြုချက်မူကြမ်းနှင့်စပ်လျဉ်း၍ မဲခွဲ ဆုံးဖြတ်ခြင်းမပြုမီ လုံခြုံရေးကောင်စီ၌ ဇန်နဝါရီလ ၁၂ရက်နေ့က ဆွေးနွေးကြရာတွင် ကုလသမဂ္ဂဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဝမ်ကွမ်းရက **"မြန်မာနိုင်ငံ၏အရေးကိစ္စမှာ အချုပ်အခြာ အာဏာပိုင် နိုင်ငံတစ်ခု၏ ပြည်တွင်းရေးကိစ္စသာဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်ရာမရောက်ကြောင်း၊ မြန်မာနိုင်ငံနှင့် အနီးကပ်ထိစပ်နေသော အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် အာရှ-ပစိဖိတ်ဒေသတွင်းရှိ နိုင်ငံများက မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေသည် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်ရာရောက် သည်ဟု မယူဆကြကြောင်း၊ လုံခြုံရေးကောင်စီ၏ မူလတာဝန်မှာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်း ရန်သာဖြစ်ပြီး လုံခြုံရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံ၏ အရေးကိစ္စတွင် ပါဝင်ပတ်သက် ဆောင်ရွက်ရန် မလိုအပ်ကြောင်း၊ ပါဝင်ပတ်သက် ဆောင်ရွက်ပါက လုံခြုံရေးကောင်စီသည် ၎င်းအား မူလပေးအပ်ထားခြင်း ခံရသော တာဝန်များထက်ကျော်လွန်ပြီး လုပ်ဆောင်ရာရောက်သဖြင့် အခြားကုလသမဂ္ဂအေဂျင်စီများ၏ ဆွေးနွေး ဆောင်ရွက်မှုများကိုပါ ထိခိုက်နှောင့်နှေးစေနိုင်ကြောင်း"** ဆွေးနွေးပြောကြားခဲ့သည်။

အလားတူ ကုလသမဂ္ဂဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး မစ္စတာဗိုက်တလီချာကင်ကလည်း **"မြန်မာနိုင်ငံအနေဖြင့် လူမှုစီးပွားရေးဘဝနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ပြဿနာရပ်များ ရှိနေသည်ကို မငြင်းလိုကြောင်း၊ သို့ရာတွင် မြန်မာနိုင်ငံ၏အခြေအနေမှာ နိုင်ငံတကာ ငြိမ်းချမ်းရေးကိုဖြစ်စေ၊ ဒေသတွင်း ငြိမ်းချမ်းရေးကိုဖြစ်စေ ခြိမ်းခြောက်ရာမရောက်ကြောင်း၊ မြန်မာနိုင်ငံ၏အရေးပါသော အိမ်နီးချင်း နိုင်ငံများနှင့်တကွ ကမ္ဘာ့နိုင်ငံ အများအပြားကပါ မြန်မာနိုင်ငံအပေါ် မိမိရှုမြင်သကဲ့သို့ ရှုမြင်လျက်ရှိကြောင်း၊ လုံခြုံရေးကောင်စီအား ၎င်းလုပ်ဆောင်ရမည့် အတိုင်းအတာထက်ကျော်လွန်၍ လုပ်ဆောင်စေရန် အသုံးချ လိုသော အားထုတ်ကြိုးပမ်းမှုများကို လက်မခံနိုင်ကြောင်း"** ဆွေးနွေးပြောကြားခဲ့သည်။

မထောက်ခံ

ထို့အတူ ကုလသမဂ္ဂဆိုင်ရာ တောင်အာဖရိကသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဒူမီဆာနီအက်စ် ကူမာလိုကလည်း **"အာဆီယံနိုင်ငံများက မြန်မာနိုင်ငံ၏အရေးကိစ္စသည် အိမ်နီးချင်းနိုင်ငံများကို ခြိမ်းခြောက်ရာ မရောက်ဟု ပြောကြားခဲ့ကြကြောင်း၊ ယမန်နေ့(၁၁-၁-၂၀၀၇)ရက်နေ့က ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပသော အာဆီယံဝန်ကြီးများ အစည်းအဝေးက မြန်မာနိုင်ငံ၏အရေးကိစ္စသည် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့်လုံခြုံရေး ကို ခြိမ်းခြောက်ရာမရောက်ဟု ထပ်လောင်းအတည်ပြု ပြောကြားခဲ့ကြကြောင်း၊ ထို့ကြောင့် တောင်အာဖရိက နိုင်ငံအနေဖြင့် ဆုံးဖြတ်ချက်မူကြမ်းကို မထောက်ခံနိုင်ကြောင်း"** ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် အမေရိကန်နှင့် ဗြိတိန်တို့ ဦးဆောင်တင်သွင်းသည့် အဆိုပြုချက်မူကြမ်းကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် မဲခွဲဆုံးဖြတ်ခဲ့ရာ လုံခြုံရေးကောင်စီအဖွဲ့ဝင် အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ အီတလီ၊ ဂါနာ၊ ပီရူး၊ ဆလိုဗက်ကီးယား၊ ပနားမားနှင့် ဘယ်လ်ဂျီယံ ကိုးနိုင်ငံတို့က ထောက်ခံမဲပေးခဲ့ကြသော်လည်း လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် နိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်း နိုင်ငံနှင့် တောင်အာဖရိကသမ္မတနိုင်ငံတို့က ကန့်ကွက်မဲပေးခဲ့ကြပြီး အင်ဒိုနီးရှား၊ ကွန်ဂိုနှင့် ကာတာ သုံးနိုင်ငံတို့က ကြားနေမဲ ပေးခဲ့ကြသည်။ ထိုကဲ့သို့ ကန့်ကွက်မဲပေးခဲ့ခြင်းသည် လုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံ ဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် အမေရိကန်နှင့် ဗြိတိန်တို့၏ ကြိုးပမ်းမှုကို အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံ တွင်ပါဝင်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာ double veto သုံးပြီး ပယ်ချလိုက်ခြင်းပင်ဖြစ်သည်။

မြန်မာပြည်သူများ၏အောင်ပွဲ

ထို့ကြောင့် **မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်ရန် ကြိုးပမ်းအားထုတ်ပြီး ဆုံးဖြတ်ချက်မူကြမ်းတင်သွင်းခဲ့သည့် အမေရိကန်နှင့် ဗြိတိန်တို့၏ မမှန်ကန်သော တစ်ဖက်သတ်လုပ်ရပ်သည် အောင်မြင်မှုမရရှိဘဲ ပျက်ပြားသွားခဲ့ပြီဖြစ်သည်။ ယင်းသည် မြန်မာနိုင်ငံနှင့်စပ်လျဉ်းသည့် အမှန်တရားက အောင်ပွဲခံလိုက်ခြင်းဖြစ်သကဲ့သို့ တစ်နည်းအားဖြင့် အမှန်တရားကိုမြတ်နိုးသည့် နိုင်ငံတကာပြည်သူများနှင့် မြန်မာပြည်သူများ၏ အောင်ပွဲလည်းဖြစ်သည်။**

ယခုကဲ့သို့ တစ်ဖက်သတ်လုပ်ကြံစွပ်စွဲမှုများဖြင့် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီကို ခုတုံးလုပ်အသုံးချရန် ကြိုးပမ်းလုပ်ဆောင်နေသော အမေရိကန်နှင့် ဗြိတိန်တို့၏လုပ်ရပ်ကို ကြားသိကြရသော မြန်မာပြည်သူအားလုံးက အမေရိကန်အစိုးရနှင့် ဗြိတိန်အစိုးရတို့အပေါ် ခံပြင်းနာကြည်းမှုများ ဖြစ်ပေါ်နေကြကြောင်းလည်းသိရသည်။

ထို့အတူ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မဲခွဲဆုံးဖြတ်ရာတွင် ဗီတိုအာဏာသုံးပြီး ပယ်ချခဲ့ကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အားလည်းကောင်း၊ ဆန့်ကျင်ကန့်ကွက်မဲ ပေးခဲ့သော တောင်အာဖရိကသမ္မတနိုင်ငံအားလည်းကောင်း မြန်မာပြည်သူများက အထူးကျေးဇူးတင်နေကြကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ၏ပြည်တွင်းရေးကိစ္စသည် ဒေသတွင်းနှင့် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်ရာမရောက်ကြောင်း၊ မြန်မာနိုင်ငံနှင့် အနီးကပ်ထိစပ်နေသော အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် အာရှ-ပစိဖိတ်ဒေသတွင်းရှိ နိုင်ငံများက မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေသည် ဒေသတွင်း ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ခြိမ်းခြောက်ရာရောက်သည်ဟု မယူဆကြကြောင်း၊ လုံခြုံရေးကောင်စီ၏ မူလတာဝန်မှာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရန်သာဖြစ်ပြီး လုံခြုံရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံ၏ အရေးကိစ္စတွင် ပါဝင်ပတ်သက်ဆောင်ရွက်ရန် မလိုအပ်ကြောင်း၊ ပါဝင်ပတ်သက်ဆောင်ရွက်ပါက လုံခြုံရေးကောင်စီသည် ၎င်းအား မူလပေးအပ်ထားခြင်းခံရသော တာဝန်များထက်ကျော်လွန်ပြီး လုပ်ဆောင်ရာရောက်သဖြင့် အခြားကုလသမဂ္ဂအေဂျင်စီများ၏ ဆွေးနွေး ဆောင်ရွက်မှုများကိုပါ ထိခိုက်နှောင့်နှေးစေနိုင်။

တရုတ်နိုင်ငံ အရှေ့ပိုင်း အန်ဟွေး ပြည်နယ်ရှိ ပြည်သူ့ဆေးရုံ၌ (၂၅) နှစ်အရွယ် အမျိုးသမီးတစ်ဦးက မွေးဖွားသည့် ငါးမြွှာပူးကလေးငယ်များကို ဇန်နဝါရီ ၁၀ ရက်က တွေ့ရစဉ်။
(အဆိုပါ ကလေးငယ်များမှာ ယောကျ်ားလေးနှစ်ဦးနှင့် မိန်းကလေး သုံးဦးတို့ ဖြစ်သည်။) **(ဓာတ်ပုံ–အင်တာနက်)**

အမေရိကန်တို့ကြောင့် အရှေ့အလယ်ပိုင်း၌ တည်ငြိမ်မှုကင်းမဲ့ ပြဿနာပေါင်းများစွာလည်း ဖြစ်ပေါ်နေ ဆီးရီးယား ပြန်ကြားရေးဝန်ကြီး ဝေဖန်ပြောကြား

ဒမတ်စကတ် ဇန်နဝါရီ ၁၃

အီရတ်ကို အမေရိကန်တို့ ကျူးကျော်ဝင်ရောက်ခဲ့ပြီးနောက်ပိုင်း အရှေ့အလယ်ပိုင်းဒေသတစ်ခုလုံးတွင် တည်ငြိမ်မှုကင်းမဲ့ရပြီး ပြဿနာ အခက်အခဲပေါင်းများစွာ ဖြစ်ပေါ်ခဲ့ရကြောင်း ဆီးရီးယား ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး မိုဆန်ဘီလာက ဇန်နဝါရီ ၁၁ ရက်၌ ပြောကြားလိုက်သည်။

ဆီးရီးယားနိုင်ငံသို့ အလည် အပတ်ရောက်ရှိနေသော ဩစတြေးလျ ပါလီမန်ကိုယ်စားလှယ်အဖွဲ့နှင့် ဒမတ်စကတ်မြို့၌ တွေ့ဆုံဆွေးနွေးရာတွင် မိုဆန်ဘီလာက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်ကြောင်း ဆာနာ သတင်းဌာနက သတင်းထုတ်ပြန်သည်။

ပြောကြား

အီရတ်ကို အမေရိကန်တို့ ကျူးကျော်ခဲ့ပြီးနောက်ပိုင်း ပါလက်စတိုင်းနှင့် လက်ဘနွန်နိုင်ငံတို့ အပါအဝင် အခြားအာရပ်နိုင်ငံများတွင် တည်ငြိမ်မှုကင်းမဲ့ပြီး အနာဂတ်ကာလတွင် အရှေ့အလယ်ပိုင်း၌ ငြိမ်းချမ်းမှုများ ပျက်ပြားရဖွယ်ရှိကြောင်း မိုဆန်ဘီလာက ပြောကြားသည်။

ဆီးရီးယားနိုင်ငံအနေဖြင့် အီရတ်နိုင်ငံ၏ နိုင်ငံရေးတိုးတက် ပြောင်းလဲမှုကို အပြည့်အဝအကူအညီ ပေးသွားမည်ဖြစ်ကြောင်း၊ အီရတ်နိုင်ငံတွင် ပြန်လည်စုစည်းမှုများ ဖြစ်ပေါ်လာစေရန် ထောက်ပံ့ဖြည့်ဆည်းပေးသွားမည် ဖြစ်ကြောင်း၊ အီရတ်ပြည်သူတို့ လွတ်လပ်မှုဘဝရရှိအောင်လည်း ကူညီပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ကူဝိတ်နိုင်ငံ၏ ရေနံထုတ်လုပ်မှု တစ်နေ့စည် ၄၂၀၀၀ လျှော့ချမည်

ကူဝိတ်စီးတီး ဇန်နဝါရီ ၁၃

ကူဝိတ်နိုင်ငံက ယင်း၏နေ့စဉ် ရေနံထုတ်လုပ်မှုကို ဖေဖော်ဝါရီ ၁ ရက်မှစပြီး တစ်နေ့လျှင် စည်ပေါင်း၄၂၀၀၀ လျှော့ချလိမ့်မည်ဖြစ်ကြောင်း ကူဝိတ်နယူးစ်အေဂျင်စီက သတင်းထုတ်ပြန်သည်။

ချမှတ်

အဆိုပါ ဆုံးဖြတ်ချက်ကို ဒီဇင်ဘာ ၁၄ ရက်က နိုင်ဂျီးရီးယားနိုင်ငံမြို့တော် အဘူဂျာ၌ အိုပက်အစည်းအဝေးကျင်းပနေစဉ် ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း အိုပက်အဖွဲ့က ၎င်းကူဝိတ်သတင်းအေဂျင်စီသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထုတ်လုပ်

အဆိုပါ ဖြတ်တောက်မည့် စည်ပေါင်း ၄၂၀၀၀ တွင် ရေနံစိမ်းနှင့် သန့်စင်ပြီး ရေနံနှစ်မျိုးစလုံး ပါဝင်မည်ဖြစ်ကြောင်း ၎င်းသတင်းအေဂျင်စီက ကိုးကားဖော်ပြသည်။ ကူဝိတ်နိုင်ငံသည် အရန်ရေနံစည်ပေါင်း ၁၀၁ ဒသမ ၅ ဘီလီယံရှိပြီး တစ်နေ့ထုတ်လုပ်မှုမှာ စည်ပေါင်း ၂ ဒသမ ၄၅ သန်းရှိကြောင်း သိရသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

အမေရိကန်တို့၏ ဂွမ်တာနာမို အကျဉ်းစခန်းပိတ်သင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်း ပြောကြား

ဂျီနီဗာ ဇန်နဝါရီ ၁၃

အမေရိကန်တို့အနေဖြင့် ဂွမ်တာနာမို ပင်လယ်အော်၌ရှိသော အကျဉ်းစခန်းကိုပိတ်ပစ်ရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဇန်နဝါရီ ၁၁ ရက်၌ ပြောကြားလိုက်သည်။ ဂွမ်တာနာမို အကျဉ်းစခန်းသည် အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုများရှိသည်ဟု သံသယရှိနေသော နေရာလည်းဖြစ်သည်။

ဇန်နဝါရီ ၁ ရက်မှ စတင်ကာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တာဝန်ထမ်းဆောင်နေပြီဖြစ်သော ဘန်ကီမွန်းသည် ၎င်း၏ ပထမဆုံးပြုလုပ်သည့် ပုံမှန်အစည်းအဝေး၌ အထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။

မိမိအနေဖြင့် ဂွမ်တာနာမိုအကျဉ်းစခန်းပိတ်သင့်ပြီဟု မိမိယူဆကြောင်း မိမိအရင် တာဝန်ထမ်းဆောင်ခဲ့သည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်လည်း ဂွမ်တာနာမိုအကျဉ်းစခန်းပိတ်သင့်သည်ဟု ပြောကြားခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

တိုက်တွန်းခဲ့

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်သည် ပြီးခဲ့သည့် ဖေဖော်ဝါရီလက ဂွမ်တာနာမိုအကျဉ်းစခန်း ချက်ချင်းပိတ်သင့်သည်ဟု ဝါရှင်တန်အား တိုက်တွန်းခဲ့သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အီရတ်ပြည်သူရှစ်ဦးလျှင်တစ်ဦး ဒုက္ခသည်ဘဝ ရောက်နေ

ဂျီနီဗာ ဇန်နဝါရီ ၁၃

အီရတ်နိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပြည်တွင်း၌ အိုးမဲ့အိမ်မဲ့ဖြစ်ရသူများနှင့် ပြည်ပသို့ရောက်ရှိသူ ထောင်ပေါင်းများစွာသော ဒုက္ခသည်များအားကူညီရန် ဒေါ်လာသန်း ၆၀ပေးလှူရေး ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(ယူအင်အိတ်ချ်စီအာရ်)က ဇန်နဝါရီ ၁၀ ရက်တွင် မေတ္တာရပ်ခံလိုက်သည်။

ကြေညာ

အဆိုပါရန်ပုံငွေကို အီရတ်နိုင်ငံ အတွင်း အိုးပစ်အိမ်ပစ်ထွက်ပြေး ဒုက္ခရောက်သူများနှင့်တကွ ဆီးရီးယား၊ ဂျော်ဒန်၊ လက်ဘနွန်၊ အီဂျစ်နှင့် တူရကီနိုင်ငံများသို့ ရောက်ရှိနေသည့် အီရတ် ဒုက္ခသည်များ ကူညီရေးတွင် သုံးစွဲမည်ဟု ယူအင်အိတ်ချ်စီအာရ်က ကြေညာသည်။

ဖော်ပြ

၁၉၄၈ ခုနှစ်တွင် အစ္စရေးနိုင်ငံ ထူထောင်ပြီး ပါလက်စတိုင်းပြည်သူများ အိုးမဲ့အိမ်မဲ့ ဒုက္ခသည်ဘဝသို့ ရောက်ရှိပြီးနောက် အရှေ့အလယ်ပိုင်းတွင် ပြည်သူတို့အများဆုံး အစုလိုက်အပြုံလိုက် ထွက်ပြေးကြခြင်းဖြစ်ပြီး ယခုအခါ အီရတ်ပြည်သူ ရှစ်ဦးလျှင် တစ်ဦးကျ အိုးပစ်အိမ်ပစ် ဒုက္ခသည်ဘဝရောက်ရှိကြောင်း ထည့်သွင်းဖော်ပြထားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ရေခဲဖြင့် ပြုလုပ်ထားသော စစ်တုရင်ရုပ်များ

ရေခဲဖြင့် ပြုလုပ်ထားသော စစ်တုရင် ရုပ်တုများကို တွေ့ရစဉ်။ (ဝဲပုံ)

ရုရှားနိုင်ငံ မော်စကိုမြို့တွင် ကျင်းပသည့်ဆောင်းရာသီ အားကစားပွဲတော်အတွင်း ရေခဲများဖြင့် ပြုလုပ်ထားသော စစ်တုရင်ရုပ်များကို ထုလုပ်ပြသထားရာ အလွန်ကြီးမားသော စစ်တုရင်ခုံပေါ်တွင် ရေခဲစစ်တုရင်ရုပ်တုများကိုတင်ထားကာ ပရိသတ်များအား ပြသခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

ဒရမ်တီးသူ အများဆုံး စံချိန်တင်

ကမ္ဘာပေါ်တွင် ဒရမ်တီးသူ အရေအတွက်အများဆုံး စံချိန်တင်နေကြသူများကို တွေ့ရစဉ်။ (ယာပုံ)

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း မီဂါလာယာမြို့တွင် ကျောင်းသူကျောင်းသားပေါင်း တစ်သောင်းကျော်တို့ စုပေါင်းကာ ဒရမ်တီးပြီး ကမ္ဘာပေါ်တွင် ဒရမ်တီးသူ အရေအတွက်အများဆုံး စံချိန်တင်နိုင်ခဲ့ကြောင်း သိရသည်။

(အင်တာနက်)

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးစိုးဝင်းအား နီပေါနိုင်ငံသတင်းစာဆရာများ အသင်းဥက္ကဋ္ဌနှင့်အဖွဲ့ တွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဇန်နဝါရီ ၁၃

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းအား မြန်မာ–နီပေါ နှစ်နိုင်ငံစာနယ်ဇင်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရန်အတွက် ရန်ကုန်မြို့၌ ရောက်ရှိနေသော နီပေါနိုင်ငံ သတင်းစာဆရာများအသင်းဥက္ကဋ္ဌ Mr. Manju Ratna Sakya ခေါင်းဆောင်သည့် အဖွဲ့ဝင် ငါးဦးပါ နီပေါသတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ၁နာရီက ရန်ကုန်မြို့ ကမ်းနားလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက် ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ယင်းသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ညွှန်ကြားရေးမှူး(သတင်း) ဦးဝင်းတင်၊ စာတည်းမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသည့် အမျိုးသားညီလာခံဆိုင်ရာ မှတ်တမ်းစာအုပ်များ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်းစာအုပ်များ၊ သတင်းစာရှင်းလင်းပွဲဆိုင်ရာ စာအုပ်များနှင့် ဆောင်းပါးပေါင်းချုပ်စာအုပ်များကို ဧည့်သည်တော် နီပေါနိုင်ငံ သတင်းစာဆရာများအသင်းဥက္ကဋ္ဌထံ လက်ဆောင်အဖြစ် ပေးအပ်သည်။

တည်ခင်းဧည့်ခံ

ညပိုင်းတွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက နီပေါနိုင်ငံ သတင်းစာဆရာများအသင်းဥက္ကဋ္ဌနှင့်အဖွဲ့အား ရန်ကုန်မြို့ အနော်ရထာလမ်းနှင့် ဗိုလ်မြတ်ထွန်းလမ်းထောင့်ရှိ Queen Park Hotel ၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

လက်ဆောင်ပေးအပ်

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးစိုးဝင်း ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသည့် မှတ်တမ်းစာအုပ်များကို နီပေါနိုင်ငံ သတင်းစာဆရာများအသင်းဥက္ကဋ္ဌ Mr. Manju Ratna Sakya ထံ လက်ဆောင်အဖြစ် ပေးအပ်စဉ်။ (သတင်းစဉ်)

နီပေါသတင်းစာဆရာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့၌ လေ့လာရေးခရီးလှည့်လည်

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာ–နီပေါ နှစ်နိုင်ငံ စာနယ်ဇင်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရန်အတွက် နီပေါနိုင်ငံ သတင်းစာဆရာများအသင်းဥက္ကဋ္ဌ Mr. Manju Ratna Sakya ခေါင်းဆောင်သည့် အဖွဲ့ဝင် ငါးဦးပါ နီပေါသတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

အဆိုပါ နီပေါနိုင်ငံ သတင်းစာဆရာများအသင်းဥက္ကဋ္ဌ Mr. Manju Ratna Sakya ခေါင်းဆောင်သည့် သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ညွှန်ကြားရေးမှူး(သတင်း) ဦးဝင်းတင်၊ ဒုတိယညွှန်ကြားရေးမှူး(သတင်း) ဦးခင်မောင်ကျော်ဒင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ရန်ကုန်မြို့တွင် ရောက်ရှိနေသော နီပေါနိုင်ငံ သတင်းစာဆရာများအသင်း ဥက္ကဋ္ဌ Mr. Manju Ratna Sakya ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်သို့ရောက်ရှိကြရာ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် နီပေါသတင်းစာဆရာများအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့သည် ရွှေတိဂုံစေတီတော် အာရုံခံတန်ဆောင်း၌ စေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဧည့်သည်တော် နီပေါသတင်းစာဆရာများအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့သည် ရွှေတိဂုံစေတီတော်ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ယင်းနောက် ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်အား လက်ယာရစ် လှည့်လည်ကြည်ညို ဖူးမြော်ကြသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ နီပေါသတင်းစာဆရာများ ကိုယ်စားလှယ်အဖွဲ့သည် နံနက် ၁၀ နာရီတွင် ကန်တော်ကြီးသဘာဝဥယျာဉ်သို့ ရောက်ရှိကြပြီး ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် နီပေါနိုင်ငံသတင်းစာဆရာများအသင်းဥက္ကဋ္ဌနှင့် အဖွဲ့သည် မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတိုက်သို့ ရောက်ရှိကြရာ စာတည်းမှူးချုပ် ဦးရဲမြင့်ဖေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းပြောကြား

ယင်းနောက်မြန်မာ့အလင်းသတင်းစာတိုက် ဧည့်ခန်းမ၌ စာတည်းမှူးချုပ် ဦးရဲမြင့်ဖေက ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာ့အလင်းသတင်းစာနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နီပေါနိုင်ငံ သတင်းစာဆရာများအဖွဲ့သည် မြန်မာ့အလင်းသတင်းစာတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

မြန်မာ့အလင်းသတင်းစာတိုက်လေ့လာ

နီပေါနိုင်ငံ သတင်းစာဆရာများ အသင်းဥက္ကဋ္ဌ Mr. Manju Ratna Sakya ခေါင်းဆောင်သည့် နီပေါသတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့ မြန်မာ့အလင်းသတင်းစာတိုက်တွင် ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

သာယာမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

အင်တာနက် သတင်းနှင့်ဓာတ်ပုံ

အနန္တစကြဝဠာကို စူးစမ်းမှု အဝေးကြည့်မှန်ပြောင်းများအရေးပါ



ဟတ်ဘဲအာကာသ အဝေးကြည့် မှန်ပြောင်းသည် အမီလိုက်ရန်ပင် ခဲယဉ်းအောင် စွမ်းဆောင်နိုင်သည့် အဝေးကြည့် မှန်ပြောင်းဖြစ်သည်။

ဟတ်ဘဲအာကာသအဝေးကြည့် မှန်ပြောင်းသည် ၁၉၉၀ပြည့်နှစ်တွင် အာကာသအတွင်း စတင်လွှတ်ကတည်းက စကြဝဠာနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိလာစေသည့် အရေးပါသော ဖော်ထုတ်မှုများ ပြုလုပ်ပြီး နက္ခတ္တဗေဒသမိုင်းတွင် အသုံးဝင် အရေးပါဆုံးသော ကိရိယာတစ်ခုဖြစ်လာသည်။

ဟတ်ဘဲမှန်ပြောင်းကို ဆက်ခံသည့် ဂျိမ်းဝက်အာကာသအဝေးကြည့်မှန်ပြောင်း(ဂျေဒဗလျူအက်စ်တီ)မှာလည်း ဟတ်ဘဲ၏ ခြေရာကိုလိုက်ကာ ကဏ္ဍသစ်များတွင် စူးစမ်းလေ့လာလျက်ရှိသည်။ ဟတ်ဘဲမှန်ပြောင်းက အနန္တစကြဝဠာကို ခရမ်းလွန်ရောင်ခြည်ဖြင့် စူးစိုက်မှတ်တမ်းတင်ပြီး ဂျေဒဗလျူအက်စ်တီမှန်ပြောင်းက အနီအောက်ရောင်ခြည်ဖြင့် စူးစမ်းသည်။

အနန္တစကြဝဠာမှ အဝေးဆုံးနှင့် အစောဆုံးအရာများကို ကြည့်ရန် အနီအောက်ရောင်ခြည်သည် အရေးကြီးသည်။

(အင်တာနက်)

မင်္ဂလာဗျူဟာအသင်းချုပ် နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၁၃

မင်္ဂလာဗျူဟာ အသင်းချုပ် အကြိမ်(၅၀)မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို ဇန်နဝါရီ ၂၈ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ အသင်းချုပ်၌ ကျင်းပမည်ဖြစ်ရာ အစည်းအဝေးတွင် တင်ပြစရာရှိပါက ဇန်နဝါရီ၁၈ရက် (ကြာသပတေးနေ့) နောက်ဆုံးထား၍ အတွင်းရေးမှူးထံ ပေးပို့ကြရန်နှင့် အသင်းသားအသင်းသူများ မပျက်မကွက် တက်ရောက်ရန် ဖိတ်ကြားထားကြောင်း သိရသည်။

(၃၅၂)

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သီရိမင်္ဂလာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ပညာရေးငွေပဒေသာပင်အတွက် မေတ္တာညွန့်ရပ်ကွက် ဇာတိဂုဏ်လမ်း အမှတ် ၁၃၀၆ နေ ဦးဖိုးပြည့်-ဒေါ်မြင့်မြင့်ခိုင် သား မောင်အောင်ပြည့်ခိုင် မိသားစုတို့က အလှူငွေ ကျပ်တစ်သိန်းကို ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ (မဟာသဒ္ဓမ္မဇောတိကဓဇ)ရှေ့မှောက်၌ လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်က လက်ခံယူစဉ်။ (က-ပ)

စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ဒေဝူးအင်တာနေရှင်နယ်ကုမ္ပဏီဥက္ကဋ္ဌနှင့်အဖွဲ့တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၃

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ဒေဝူးအင်တာနေရှင်နယ်ကုမ္ပဏီမှ President & CEO, Mr. Young Won kangနှင့် အဖွဲ့သည် ယမန်နေ့ ညနေ ၅ နာရီက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး စွမ်းအင်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့တော်ဝန်ဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲ UPT က Galaxy ကို အနိုင်ရဗိုလ်စွဲ

ရန်ကုန် ဇန်နဝါရီ ၁၃

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ဒုတိယအကြိမ် ရန်ကုန်မြို့တော်ဝန်ဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ယနေ့မွန်းလွဲ ၁နာရီခွဲက အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ယှဉ်ပြိုင်ကစားရာ UPT အသင်းက Galaxy အသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

Galaxy အသင်းက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဗိုလ်စွဲနိုင်သည်ဟု ရေပန်းစားနေသော UPT အသင်းက ခြေစွမ်းပြကစားပြီး ချေပဂိုးနှင့် အနိုင်ဂိုးများ သွင်းယူခဲ့ခြင်းဖြစ်သည်။ UPT အသင်းအတွက် အေးမင်းဝင်း၊ တင်မင်းထွန်း၊ ထက်အောင်နှင့် ဝင်းမင်းထွဋ်တို့က တစ်ဂိုးစီသွင်းယူပေးသည်။ Galaxy အသင်းအတွက် ထွန်းလင်းအောင်က နှစ်ဂိုး၊ ကျော်ဇင်ညွှန့်က တစ်ဂိုးသွင်းယူပေးသည်။

ပေးအပ်ချီးမြှင့်

ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဘန်နီတင်အောင်က ပူးတွဲတတိယရရှိသော Royal Seaman အသင်းနှင့် စမ်းချောင်းလူငယ်အသင်းတို့အား ငွေကျပ် နှစ်သိန်းစီ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး(လူထု/ပညာ)ဦးဉာဏ်ထွန်းက ဒုတိယဆုရရှိသော Galaxy အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ်ခြောက်သိန်းပေးအပ်ချီးမြှင့်သည်။

ဆုဖလားပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ပထမဆုရရှိသော UPTအသင်းအား တစ်ဦးချင်း ဆုတံဆိပ်များပေးအပ် ချီးမြှင့်သည်။ ထို့နောက် ရန်ကုန်မြို့တော်ဝန်ကိုယ်စား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်း ရေးမှူး ဦးတင်စိုးက ပထမရရှိသော UPT အသင်းအား ငွေကျပ် ၁၀သိန်းနှင့် ဆုဖလားပေးအပ်ချီးမြှင့်သည်။ **(မြန်မာ့အလင်း)**

စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ အလှူငွေပေးအပ်

ရန်ကုန် ဇန်နဝါရီ ၁၃

၂၀၀၄ခုနှစ် အမျိုးသားစာပေ(နိုင်ငံရေး)ဆုရ စာရေးဆရာဗိုလ်မှူးချုပ်သန်းတင်(ငြိမ်း)က မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ရန်ပုံငွေအတွက် အလှူ ငွေပေးအပ်ပွဲကို ဇန်နဝါရီ၁၃ရက် နံနက် ၁၁နာရီတွင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလှူငွေပေးအပ်ပွဲတွင် အမျိုးသားစာပေ(နိုင်ငံရေး)ဆု စာရေးဆရာ ဗိုလ်မှူးချုပ်သန်းတင်(ငြိမ်း)က မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ရန်ပုံငွေအတွက် ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဒုတိယဥက္ကဋ္ဌများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ၆ရက်က ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ် (၁) အခြေခံ ပညာအထက်တန်းကျောင်း၏ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် ခွင့်ရက်မပျက်ဆုရ အလယ်တန်းပြ ဆရာမ ဒေါ်အေး အေး မြင့်အား ကျောင်းအုပ်ဆရာကြီး ဦးချစ်အေးက ဆုချီးမြှင့်စဉ်။
(မြို့နယ် ပြန်/ဆက်)

ဗုဒ္ဓမြတ်စွာဘုရား၏ဒေသနာကျမ်းဂန်တော်လာ ဂိဟိဝိနယသုံးမစာအမှတ်စဉ်(၆) အကြီးအကဲကျင့်ဝတ်ခြောက်ပါး

အကြီးအကဲဖြစ်မည့်သူများနှင့် အကြီးအကဲအဖြစ် ဦးဆောင်သူများသည် အနည်းဆုံး အောက်ပါ နာယကဂုဏ်ခြောက်ပါးနှင့် ပြည့်စုံရန်လိုအပ်ပါသည်-

- ထထကြွကြွ လုံ့လဝီရိယရှိခြင်း
- အမြဲတမ်းသတိဖြင့် နိုးကြားတက်ကြွခြင်း
- သနားကြင်နာစိတ်ရှိခြင်း
- သည်းခံ ခွင့်လွှတ်လိုစိတ်ရှိခြင်း
- အရာရာကို ပိုင်းခြားဝေဖန်တတ်သော အသိပညာပြည့်စုံခြင်း
- အလျင်စလို ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ အကြောင်းခြင်းရာမျိုးစုံကို ထောက်ရှု ဆောင်ရွက်တတ်ခြင်း

ဟူသည့် နာယကဂုဏ်ခြောက်ပါးနှင့်ပြည့်စုံသူတို့သည် မိမိတို့ရှိရာ ပတ်ဝန်းကျင်အလိုက် အကြီးအကဲများအဖြစ် ဆောင်ရွက်ကြရပါသည်။

(နာယကဂုဏ်ခြောက်ပါးဟုဆိုသော်ငြားလည်း ထိုခြောက်ပါးထက် အဆရာထောင်မက ပြည့်စုံလုံလောက်အောင် သိရှိနားလည်မည်ဆိုပါက ပိုမိုကောင်းမွန်ပါသည်။)

"ထကြွ နိုးကြား၊ သနား သည်းခံ၊ ဝေဖန် ထောက်ရှု" ဤခြောက်ခုကား ကြီးသူကျင့်ရာ တရားတည်း။

ရပ်ကွက်အဆင့်မှ မြို့ပြနိုင်ငံအဆင့်ဆင့်အထိ အုပ်ချုပ်ကွပ်ကဲ တာဝန်ယူ ဆောင်ရွက်ကြရသော ပုဂ္ဂိုလ်များသည် နာယကဂုဏ်ခြောက်ပါးနှင့်အညီ စီမံကွပ်ကဲအုပ်ချုပ်သွားမည်ဆိုပါက ထိုရပ်ကွက်၊ ထိုမြို့ရွာ၊ ထိုနိုင်ငံတို့သည် အတိုင်းမသိ စည်ပင်ဝပြောသာယာသော ဒေသများသာဖြစ်ကြမည်မှာ မလွဲပါပေ။ ။

(သာသနာရေး)

အင်အားပြင်း ငလျင်လှုပ်

ရန်ကုန် ဇန်နဝါရီ ၁၃

ယနေ့နံနက် မြန်မာစံတော်ချိန် ၁၁နာရီ၊ ၀၂မိနစ်၊ ၅၄စက္ကန့် အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ အရှေ့မြောက်ဘက် မိုင်၃၈၈၀ခန့် ကွာဝေးသောနေရာ မြန်မာနိုင်ငံပြင်ပကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၇ဒသမ ၉ အဆင့်ရှိ အင်အားအလွန်ပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ကြေညာသည်။ **(သတင်းစဉ်)**



အင်းစိန်မြို့နယ် လူမှုရေးအဖွဲ့အစည်းများအား ထောက်ပံ့ငွေကျပ်ခြောက်သိန်း ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေက ထောက်ပံ့ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

မြို့နယ်အချို့၌ မီးလောင်မှုများဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၁၃

ဇန်နဝါရီ၁ရက် နံနက်၉နာရီခန့်တွင် ဧရာဝတီတိုင်း မအူပင်မြို့နယ် အမှတ်(၄)ရပ်ကွက် အောင်ရတနာဈေးနေ ဦးသန်းစိုး၏ လေးခန်းတွဲဆိုင်ခန်း၌ လျှပ်စစ်ဝါယာရှော့ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်ရာသို့ သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၆ဦးစုပေါင်းငြိမ်းသတ်ခဲ့သည်။

မီးလောင်မှုကြောင့် မီတာပုံးတစ်လုံးနှင့် ခမောက်များ မီးလောင်ခံရပြီး ငွေကျပ်သုံးသောင်း သုံးထောင်ဖိုးခန့် ဆုံးရှုံးခဲ့သည်။

မုဒုံမြို့နယ်

ယင်းနေ့ နံနက်၁၀နာရီခန့်တွင် မွန်ပြည်နယ် မုဒုံမြို့နယ် ဘဲရမ်းကျေးရွာရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း နှစ်ရှည်ရော်ဘာခြံ၌ လမ်းသွားလမ်းလာများက စွန့်ပစ်သော ဆေးလိပ်မီးမှ မီးလောင်မှု ဖြစ်ပွားခဲ့သည်။ မီးလောင်ရာသို့ သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၇ဦး သွားရောက်ငြိမ်းသတ်ခဲ့သည်။ မီးလောင်မှုကြောင့် ရော်ဘာပျိုးပင် ၇၀၀ ခန့် မီးလောင်ခံရပြီး ငွေကျပ် သုံးသိန်းဖိုးခန့် ဆုံးရှုံးခဲ့သည်။

ပဲခူးမြို့

ယင်းနေ့ မွန်းလွဲ၂နာရီတွင် ပဲခူးတိုင်း ပဲခူးမြို့ ကွန်းသာယာရပ်ကွက် ရာမကျောင်းလမ်း အမှတ် ၃၂၂ နေ ဒေါ်ခင်ရီ (ခ) ဒေါ်ဘာဒူး၏ အိမ်၌ မီးဖိုမီးကြွင်း မီးကျန်မှ မီးလောင်မှု ဖြစ်ပွားခဲ့သည်။ မီးလောင်ရာသို့ သန္ဓေ/အရန်မီးသတ် တပ်ဖွဲ့ဝင် ၃၅ဦး စုပေါင်းငြိမ်းသတ်ခဲ့သည်။ မီးလောင်မှုကြောင့် အိမ်နှစ်လုံးမီးလောင်ခံရပြီး လူဦးရေ၁၃ဦး မီးဘေးဒုက္ခရောက်ကာ ငွေကျပ်တစ်သိန်းငါးသောင်းဖိုးခန့် ဆုံးရှုံးခဲ့သည်။

မိုးကောင်းမြို့

ယင်းနေ့ည၇နာရီခန့်တွင် ကချင်ပြည်နယ် မိုးကောင်းမြို့ အလယ်ရပ်ကွက် အမှတ်(လ/၁)နေ ဦးသန်းလှိုင်၏နေအိမ်၌ မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်ရာသို့ အရန် မီးသတ်တပ်ဖွဲ့ဝင် ၅၀စုပေါင်းငြိမ်း သတ်ခဲ့သည်။ မီးလောင်မှုကြောင့် အိမ်တစ်လုံး၊ သုံးခန်းတွဲ တန်းလျားတစ်လုံး မီးလောင်ခံရပြီး ငွေကျပ်ခုနစ်သိန်းဖိုးခန့်ဆုံးရှုံးခဲ့ကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၄-၁-၂၀၀၇ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၅။	ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈း၀၅	၆။	အတီးပြိုင်ပွဲ
၈း၁၅	၇။	ဆက်သွယ်ဆင့်ပွား ကျွန်းတောတံတား
၈း၂၀	၈။	အဆိုပြိုင်ပွဲ
၈း၃၀	၉။	International News
၈း၄၅	၁၀။	Say it in English
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၅	၄။	Yan Can Cook
၁၁း၅၀	၅။	မြန်မာရုပ်ရှင် **"ချစ်သူငယ်ချင်း"** ကျော်ဟိန်း၊ ခင်သီတာထွန်း၊ ဇွဲ့ဇွဲ့မူ (ဒါရိုက်တာ-ကိုငြိမ်းငြိမ်း)
၁၃း၄၅	၆။	တေးဂီတအစီအစဉ်
၁၄း၀၀	၇။	အတီးပြိုင်ပွဲ
၁၄း၁၀	၈။	လဂွမ်းပြင်ရေလျှောင်တမံ
၁၄း၂၀	၉။	**"ပြေးပြေး လွှားလွှား သွားသွား လာလာ"** မောင်မောင်မြင့်၊ မောင်မောင်မျိုးသန့်၊ မအေးမြင်၊ စိန်ဂွက်ထော် (ဒါရိုက်တာ-မောင်မောင်မြင့်)
၁၄း၃၀	၁၀။	အကပြိုင်ပွဲ
၁၄း၄၅	၁၁။	International News
၁၅း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
၁၇း၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၁၅	၆။	**"သီးနှံစိုက်ပျိုး အထွက်တိုး"** (ပိုးသတ်ဆေးများကို အကျိုးရှိရှိ ထိရောက်အောင် သုံးစွဲနည်း)
၁၇း၂၅	၇။	ဆိုကြမယ် ပျော်ကြမယ်
၁၈း၀၀	၈။	ညနေခင်းသတင်း
၁၈း၃၀	၉။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၀။	သီရိဂေဟာ
၁၉း၀၅	၁၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ကြယ်ကြွေရင်ခုန်သံ"** (အပိုင်း-၁၂)
၂၀း၀၀	၁၂။	ပြည်တွင်းသတင်း
	၁၃။	နိုင်ငံတကာသတင်းများ
	၁၄။	မိုးလေဝသအခြေအနေ
	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **"လှပသောနေ့ရက်များ"** (အပိုင်း-၁၆)
	၁၆။	နောက်တစ်နေ့အစီအစဉ်
	၁၇။	အစီအစဉ်ပြီး၏။

14-1 (06) 1 3/24/1905, 10:23 PM

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း မန္တလေးတိုင်း၊ခရိုင်အမှုဆောင်များအားတွေ့ဆုံ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရန်မှာကြား

နေပြည်တော် ဇန်နဝါရီ ၁၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် ဇန်နဝါရီ၁၂ရက် နံနက်ပိုင်းတွင် မန္တလေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ မန္တလေးတိုင်းနှင့်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မန္တလေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသောင်းဝေက ခရိုင်နှင့်မြို့နယ်များအတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ခရိုင်တွဲဖက်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များက ကဏ္ဍအလိုက် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးမှာကြား

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လိုအပ်သည်များကို အသေးစိတ် ဆွေးနွေးမှာကြားသည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဝင် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မွန်းလွဲပိုင်းတွင် မန္တလေးမြို့ မြန်မာ့စားသောက်ကုန်လုပ်ငန်း ကနောင်ခန်းမ၌ မန္တလေးတိုင်း (စည်ပင်ပြင်ပ) မြို့နယ် ၂၃ မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား တွေ့ဆုံသည်။

အမှာစကားပြော

ရှေးဦးစွာဗဟိုစည်းရုံးရေးကော်မတီဝင် ဝန်ကြီးဦးအောင်သောင်းက ပဏာမအမှာစကားပြောကြားသည်။

ထို့နောက် မန္တလေးတိုင်း (စည်ပင်ပြင်ပ) မြို့နယ် ၂၃မြို့နယ်တို့မှ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များက ကဏ္ဍကြီး ငါးရပ်နှင့် စပ်လျဉ်း၍ ဆောင်ရွက်မှုများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မန္တလေးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌက တိုင်းနှင့် မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့များ၏ အကျိုးပြုလုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဗဟိုစည်းရုံးရေး ကော်မတီဝင် ဝန်ကြီးဦးအောင်သောင်းက တင်ပြချက်အသီးသီးအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အစည်းအဝေးကို ရုပ်သိမ်းသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် ညနေပိုင်းတွင် ချမ်းမြသာစည်မြို့နယ် အမှတ်(၂၆) အခြေခံပညာ အထက်တန်းကျောင်း တကောင်းသစ္စာခန်းမ၌ ကျင်းပသော မန္တလေးသွားဘက်ဆိုင်ရာဆေးတက္ကသိုလ်နှင့်မန္တလေး သူနာပြုတက္ကသိုလ်၊ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အသင်းဝင်အဆိုပြုလွှာ စုပေါင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး အသင်းဝင် အဆိုပြုလွှာ ၁၄၄၃စောင်ကို လက်ခံသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မန္တလေး သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်မှ ကထိကဌာနမှူး ဒေါ်နွယ်နွယ်ဝင်းနှင့် သူနာပြုတက္ကသိုလ်မှ နည်းပြဆရာမ ဒေါ်ညိုမာခိုင်တို့က အသင်းဝင် အဆိုပြုလွှာ စုပေါင်းပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက မန္တလေး သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်အတွက် ပညာရေးရန်ပုံငွေ ကျပ်သိန်း ၅၀ကို သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြသော်သို့ လည်းကောင်း၊ သူနာပြုတက္ကသိုလ် (မန္တလေး)အတွက် ငွေကျပ်သိန်း၅၀ကို ပါမောက္ခချုပ် ဒေါ်ခင်ညွှန့်သန်းသို့ လည်းကောင်း ပေးအပ်သည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီး၏ မွန်မြတ်သန့်စင်သော ရည်ရွယ်ချက်နှင့် ဦးတည်ချက်များကို ပြောကြားပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပြည်သူများနှင့်အတူ ဆောင်ရွက်သွားရေး မှာကြားသည်။

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာ ရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် ကမာရွတ်မြို့နယ် လှည်းတန်းလင်းရောင်ခြည်လမ်း ၃ရပ်ကွက် အမှတ် (၁၄) 2B ပထပ်နေ ဦးအုန်းသော်–ဒေါ်ဖွားတင်နှင့် ဦးအောင်တင်တို့အားရည်စူး၍ ဒေါ်ကြည်ကြည်သော် (သမီး) မမြင့်မြင့်အောင် မိသားစုက အလှူငွေကျပ်တစ်သိန်းနှစ်သောင်းကို ကျောင်းအကျိုးဆောင် အတွင်းရေးမှူး ဒေါ်မြရှင်အိမ်၌ လှူဒါန်းစဉ်။ (က–ပ)

❒ ကျောဖုံးမှ

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်ဘက်ကမ်းမှ တံတားကြီးပေါ်သို့ မော်တော်ယာဉ်များဖြင့် တက်ရောက်၍ ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မများ လွှန်းထိုးနေရာချခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ဒဂုံတံတားသည် သံကူကွန်ကရစ် R.C.D ဘိုးပိုင် အုတ်မြစ်နှင့် ကြိုတင်အားဖြည့် သံကူကွန်ကရစ် ရက်မနှင့် သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး စုစုပေါင်းအရှည်ပေ၄၅၄၀နှင့် ယာဉ်သွားလမ်း အကျယ် ၇၂ပေရှိသည်။

ထို့အပြင် ယာဉ်ခြောက်လမ်းသွားနှင့်လူသွားလမ်း တစ်ဖက်လျှင် ခြောက်ပေစီနှစ်ဖက်ပါရှိ၍ ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန်မှာ ၇၅တန်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် ၂၀၀၆–၂၀၀၇ ပညာသင်နှစ် မြို့နယ်လုံးဆိုင်ရာ ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၆ရက်က ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးညွန့်ရွှေက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(မြို့နယ် ပြန်/ဆက်)

ဗုဒ္ဓပူဇနိယပွဲတော်နှင့် ပဋ္ဌာန်းမြတ်ပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၃

မင်္ဂလာတောင်ညွန့်မြို့နယ် လမ်း (၁၁၀) ပဲခူးကျောင်းတိုက် အတွင်းရှိ အောင်ပြည်ငြိမ်းအေး စေတီတော်မြတ်၏ (၁၀)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲ ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၂၆ရက်မှ ၃၀ရက်အထိ အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ၊ ဇန်နဝါရီ ၃၁ရက်နှင့် ဖေဖော်ဝါရီ၁ရက်ညများ၌ ဆီမီးသုံးထောင် ဆွမ်းတော်ကြီး ကပ်လှူပွဲနှင့် ထမနဲပွဲများဖြင့် ကျင်းပပူဇော်မည် ဖြစ်ကြောင်း သိရသည်။

(က–ပ)

(၅၉)နှစ်မြောက်လွတ်လပ်ရေးနေ့ မလေးရှားနိုင်ငံခြားရေးဝန်ကြီးထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏(၅၉) နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒါတိုဆရီဆိုဒ်ဟာမစ်ထံမှ သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာပါးအပ်ပါကြောင်း၊ နှစ်နိုင်ငံအကြားရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုသည် ရှေ့ဆက်လက်ပြီး အနီးကပ်ပူးပေါင်းဆောင်ရွက်မှုများအတွက် ခွန်အားသစ်များ ဖြစ်စေလိမ့်မည် ဖြစ်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(မြန်မာ့အလင်း)

ရှမ်းပြည်နယ် (မြောက်ပိုင်း)၌ ခုခံအားကျဆင်းမှုရောဂါအန္တရာယ် အသိပညာပေးသင်တန်း ဗဟိုအဆင့်ဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်နယ်အခြေပြု ဆရာ ဆရာမများအား မူးယစ်ဆေးဝါး အန္တရာယ်နှင့် HIV/AIDS ခုခံအား ကျဆင်းမှုကူးစက်ရောဂါအန္တရာယ် အသိပညာပေးသင်တန်း ဗဟိုအဆင့် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၁၃ရက် နံနက် ၈ နာရီတွင် လားရှိုးမြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း ကမ္ဘောဇခန်းမ၌ကျင်းပရာ ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါး အန္တရာယ် အသိ ပညာပေးရေး လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်ရဲမှူးကြီး၊ ပြည်နယ်ပညာရေးမှူးနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အထူးဖိတ်ကြားထားသူများ၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သုံးရက်ကြာမြင့်မည်

အဆိုပါသင်တန်းသို့ ရှမ်းပြည်နယ် (မြောက်ပိုင်း) မြို့နယ် ၁၉ခုမှ ဆရာ၊ ဆရာမ အင်အား၁၀၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၁၅ရက်အထိ သုံးရက်ကြာမြင့်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

(ပြည်နယ် ပြန်/ဆက်)

ဆက်ကပ်လှူဒါန်း

ဗဟိုအတွင်းရေးမှူးဝန်ကြီးဦးအောင်သောင်းသည် ညပိုင်းတွင် မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံ တိုက်သစ် ဇယမေဒနီ သက်တော်ရှည် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တအဋ္ဌိယအား သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများကိုဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးဘေးကြိုတင်ကာကွယ်ရေးဆွေးနွေးအကြံပြု

ရန်ကုန် ဇန်နဝါရီ ၁၃

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဒလသင်္ဘောကျင်းတွင် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှူး၏စီစဉ်မှုဖြင့် မီးသတ်အသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေးသရုပ်ပြပွဲကို ဇန်နဝါရီ၁၂ရက် နံနက်က အဆိုပါသင်္ဘောကျင်းတွင် ပြုလုပ်သည်။

ရှေးဦးစွာ ဒလသင်္ဘောကျင်းရှိ အစည်းအဝေးခန်းမဆောင်တွင် ကျောက်တံတားမီးသတ်ဇုန်နယ်မြေမှူး ဦးစီးအရာရှိ ဦးဇော်ဝင်းက မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးလောင်မှုအကြောင်းများ၊ မီးလောင်မှုသာဓကများ၊ မီးသတ်ပညာသိမှတ်ဖွယ်ရာ ဗဟုသုတများကိုဟောပြောရာ စက်ရုံမှူး အင်ဂျင်နီယာမှူးကြီးဦးစိုးမြင့်နှင့်တာဝန်ရှိသူများ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

မီးဘေးကြိုတင်ကာကွယ်ရေး

ထို့နောက် စက်ရုံဝင်းအတွင်းရှိ မြေကွက်လပ်တွင် မီးသတ်ဇုန်နယ်မြေမှူး ဦးဇော်ဝင်းက မီးသတ်ဆေးဘူး အမျိုးအစားအလိုက် အသုံးပြုပုံတို့ကို ရှင်းလင်းပြောကြားကာ စက်ရုံဝန်ထမ်းများက မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ပုံတို့ကို လက်တွေ့သရုပ်ပြသကြပြီးနောက် အင်ဂျင်နီယာမှူးကြီးဦးစိုးမြင့်က သင်္ဘောကျင်းဝင်းအတွင်း လုပ်ငန်းခွင်နေရာအသီးသီးသို့ လိုက်လံပြသရာ မီးသတ်ဇုန်နယ်မြေမှူး ဦးဇော်ဝင်းက မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လိုအပ်သည်များကိုဆွေးနွေးအကြံပြုခဲ့သည်။ **(အပေါ်ပုံ)** **(က–ပ)**

မြန်မာနိုင်ငံ၌ စစ်စခန်းများ အခြေစိုက်ချထားနိုင်ရေးအတွက် ကိုယ်ပိုင်ရုပ်သေးအစိုးရ ထားရှိရန် ကြိုးပမ်းအားထုတ်နေသော အမေရိကန်နှင့် အမေရိကန်အလိုကျ ကြိုးဆွဲရာလိုက်ကနေသော အမျိုးသားသစ္စာဖောက်များအကြောင်း

သုတေသီ မြသန်းထွန်း

၁၉၄၈ ခုနှစ် ဗြိတိသျှနယ်ချဲ့လက်အောက်မှ လွတ်လပ်ရေး ရပြီးချိန်မှစ၍ မြန်မာနိုင်ငံအစိုးရ အဆက်ဆက်သည် နိုင်ငံ၏ နိုင်ငံခြားရေးဝါဒကို ကြားနေရေး၊ ဘက်မလိုက်ရေးနှင့် လွတ်လပ်၍ တက်ကြွသော မူဝါဒများချမှတ်ကာ တစိုက်မတ်မတ်ကျင့်သုံးခဲ့ပါသည်။ ကိုလိုနီနယ်ချဲ့တို့ကို တွန်းလှန်ပြီး လွတ်လပ်ရေးရယူခဲ့ကြသော အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကမှ နိုင်ငံ ၁၀၀ ကျော် ပါဝင်သည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီးတွင်လည်း ရှေ့တန်းမှ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်ကို ချမှတ်ခဲ့သည့် ဘန်ဒေါင်းညီလာခံကြီးကို ဦးစီးကျင်းပခဲ့သော နိုင်ငံငါးနိုင်ငံတွင်လည်း မြန်မာနိုင်ငံ ပါဝင်ခဲ့ပါသည်။

အမေရိကန် အစိုးရအဆက်ဆက်ကမူ ကြားနေရေး၊ ဘက်မလိုက်ရေး မူဝါဒများ ချမှတ်ကျင့်သုံးမှုကို မကြိုက်ပါ။ လွတ်လပ်ပြီးစ ဖွံ့ဖြိုးအောင် အားထုတ်ကြိုးပမ်းနေရသော နိုင်ငံငယ်များကို ၎င်းတို့ ထားရာနေ၊ စေရာသွား နိုင်ငံများ၊ ဩဇာခံ အခြွေအရံနိုင်ငံများအဖြစ်သာ အလိုက်အထိုက်နေသွားရန် လိုလားပါသည်။ အမေရိကန်သမ္မတ အိုက်ဆင်ဟောင်ဝါလက်ထက် နိုင်ငံခြားရေးဝန်ကြီးလုပ်ခဲ့သူ ဂျွန်ဖော်စတာဒါးလက်စ်က ကြားနေရေးဝါဒ၊ ဘက်မလိုက်ရေးဝါဒ လက်ခံကျင့်သုံးကြသော နိုင်ငံများကို အချောင်သမားများနှင့် တူသည်ဟူ၍ပင် ခပ်ကြမ်းကြမ်း၊ ခပ်ရမ်းရမ်း ရှုတ်ချဆန့်ကျင် ပြောဆိုခဲ့ပါသည်။ ယင်းပြောကြားချက်ကို ဘက်မလိုက်နိုင်ငံများက ပြင်းပြင်းထန်ထန် ကျယ်ကျယ်လောင်လောင် တုံ့ပြန်ဆန့်ကျင်မှု ပြုခဲ့ကြပါသည်။

၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့၌ တပ်မတော်သည် ကစဉ့်ကလျားဖြစ်နေသော၊ မင်းမဲ့စရိုက်များ လွှမ်းမိုးနေသော၊ ဥပဒေမဲ့ဖြစ်နေသော တိုင်းပြည်၏ အခြေအနေ အရပ်ရပ်ကြောင့် နိုင်ငံတော်တာဝန်ကို ရယူခဲ့ပြီးနောက် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးမည်ဟူ၍ ကြေညာခဲ့ပါသည်။ ယင်းသို့ ကြေညာချက်ကို အမေရိကန်အစိုးရက မနှစ်သက်ပါ။ ဤကြေညာချက်ကို ထုတ်ပြန်သော တပ်မတော်အစိုးရကိုလည်း မကြိုက်ပါ။ ရန်သူလို သဘောထားကာ ဆက်ဆံလာပါသည်။ အမေရိကန် အစိုးရလိုလားသော၊ ၎င်း၏ လက်ဝေခံဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီကိုမူ တပ်မတော်အစိုးရကို အတိုက်အခံလုပ်သည့် ပါတီအဖြစ်သို့ တွန်းပို့၍ ထိပ်တိုက်ရင်ဆိုင်စေခဲ့ပါသည်။ နည်းလမ်းမျိုးစုံဖြင့် အကူအညီများ ပေးခဲ့ပါသည်။ တပ်မတော်အစိုးရကို ရန်သူအဖြစ် ထားရှိတိုက်ခိုက်စေခဲ့ပါသည်။

ထို့ကြောင့်လည်း ဒေါ်စုကြည်နှင့် NLD ပါတီက တပ်မတော်အစိုးရ လုပ်ဆောင်သမျှကို အကောင်းတစ်ခုမှ မပြောခဲ့ပါ။ မည်သည့်ခေတ်နှင့်မျှမတူသော မျက်မှောက်ခေတ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဖော်ဆောင်ပေးနေမှုကို မျက်ကွယ်ပြု၍ အမေရိကန်အစိုးရ အကြိုက်လိုက်၍သာ အပြစ်ပြော၊ မကောင်းပြော၍ ပျက်စီးမှုနှင့် အခက်အခဲမျိုးစုံဖြစ်အောင်သာ လုပ်ခဲ့ပါသည်။ တပ်မတော်ကို ဖက်ဆစ်စစ်တပ်ဟူ၍ပင် လွန်လွန်ကျူးကျူး ပြောကြားလာပါသည်။ နှစ်စဉ်ကျင်းပနေသော တပ်မတော်နေ့သည် ဖက်ဆစ်ဂျပန်များကို တပ်မတော်က ပြည်သူ့အားကို ရယူပြီး တော်လှန်တိုက်ခိုက်သောနေ့ အထိမ်းအမှတ်ဖြစ်သည်ကို မေ့နေသလား မပြောတတ်ပါ။

တိုင်းသူပြည်သားများကို ဒုက္ခပင်လယ်ဝေစေခဲ့သည့် ပြည်တွင်းသောင်းကျန်းမှုကြီးကိုလည်း တပ်မတော်ကပင် အသက်၊ သွေး၊ ချွေးများစွာ စွန့်လွှတ်ပေးအပ်၍ တိုက်ခိုက်ချေမှုန်းခဲ့ရပါသည်။ အမေရိကန်အစိုးရက လက်နက်၊ ငွေကြေး၊ သယ်ယူပို့ဆောင်ရေး၊ နည်းပညာ စသည့် အကူအညီများပေးထားသော တရုတ်ဖြူကူမင်တန်တပ်များ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း ကျူးကျော် ဝင်ရောက်လာမှုကိုလည်း တပ်မတော်ကပင် နိုင်ငံနှင့်လူမျိုးအတွက် အသက်များစွာ ပေးလှူ၍ စစ်ဆင်ရေးကြီးများ ဆင်နွှဲတိုက်ထုတ်ခဲ့ရပါသည်။ နဂါးနိုင်စစ်ဆင်ရေးအတွင်း အမေရိကန်သုံးဦးကိုပင် အသေရရှိခဲ့ပါသည်။

၁၉၈၈ အရေးအခင်းကာလနှင့် နောက်ပိုင်းကာလများတွင်လည်း အဖျက်လုပ်ငန်းများကို ကမ်းကုန်အောင်လုပ်ခဲ့သူ ပြည်တွင်းပြည်ပအဖျက်သမားများ၏အန္တရာယ်မှ ပြည်သူတို့၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များကို တပ်မတော်ကပင် အကာအကွယ်ပေးခဲ့ရပါသည်။ **တိုင်းကျိုးပြည်ပြုလုပ်ငန်းများကို သူမတူအောင် ကြိုးပမ်း ဆောင်ရွက်နေသော တပ်မတော်နှင့် တပ်မတော်အစိုးရအပေါ် မဟာမိတ်လို သဘောမထားဘဲ ရန်သူလိုသဘောထား လုပ်ဆောင်ရပ်တည်နေသောပုဂ္ဂိုလ်များနှင့် NLD ပါတီအပေါ် တပ်မတော်အစိုးရက မည်သို့ သဘောထားရပါမည်နည်း။**

တပ်မတော်အစိုးရတာဝန်ယူချိန်မှစပြီး ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးစသော လက်ငင်းလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ အရေးအကြီးဆုံး အမျိုးသားရေးမူဝါဒအဖြစ် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး လုပ်ငန်းတာဝန်ကြီး(၃)ရပ်ကို ချမှတ်ဖော်ဆောင်ခဲ့ပါသည်။ ဆက်လက် ဖော်ဆောင်ပေးလျက်ရှိပါသည်။

မှတ်မိပါသေးသည်၊ NLD ခေါင်းဆောင် ဒေါ်စုကြည်နှင့် ဦးတင်ဦးတို့သည် အမေရိကန်အစိုးရအကြိုက် အာဏာဖီဆန်ရေး၊ ထိပ်တိုက်ရင်ဆိုင်ရေး၊ တပ်မတော်ဖြိုခွဲရေး၊ ဆူပူအုံကြွမှုများဖြစ်ပွားရေးကို အကြီးအကျယ် ပြောဆို လှုံ့ဆော်လုပ်ကိုင်လာပါသည်။ ရပ်ရွာအေးချမ်းသာယာမှုမရှိအောင်၊ တရားဥပဒေစိုးမိုးမှုမရှိအောင်၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ခြင်း မရှိအောင်၊ ဆန့်ကျင်လှုပ်ရှားမှုများဖြစ်ပေါ်အောင် ဖန်တီးတိုက်ခိုက်လာခြင်း ဖြစ်ပါသည်။ ၁၉၈၉ ခုနှစ် (၄၂)နှစ်မြောက် အာဇာနည်နေ့တွင် အုံကြွသွေးချောင်းစီးမှုကြီးဖြစ်ပွားအောင်ဖန်တီး၍ အာဏာကို ဖြတ်လမ်းကရယူရန် ကြိုးစားခဲ့ပါသည်။ တာဝန်သိသော ပြည်သူအချို့၏ ကူညီပံ့ပိုးမှုကြောင့် ဗကပ (ယူဂျီ) ခေါင်းဆောင် သက်ခိုင် (ဗကပ ဗိုလ်ကျော်ဇော၏ သမက်) နှင့် အပေါင်းပါ ၂၀၀ ခန့်ကို ၁၁–၇–၈၉ ရက်နေ့မှစ၍ သက်ဆိုင်ရာက ထိန်းသိမ်းအရေးယူလိုက်နိုင်မှုကြောင့် ဗကပတို့အခေါ် ဒုတိယတော်လှန်ရေးနေ့အဖြစ် သတ်မှတ်ထားသည့် ၁၉၈၉ ခုနှစ် ဇူလိုင်လ ၁၉ ရက် (၄၂)နှစ်မြောက် အာဇာနည်နေ့တွင် သွေးချောင်းစီးမှုကြီးနှင့် ရင်ဆိုင်ရမည့်အဖြစ်မှ ပွတ်ကာသီကာ လွတ်မြောက်ခဲ့ရပါသည်။ (ဗကပနှင့် ဒေါ်စုကြည်တို့ အချိတ်အဆက်ရှိရှိ လုပ်သည်၊ မလုပ်သည်ကိုတော့ ၎င်းတို့သာ အသိဆုံး ဖြစ်ပါသည်။) တပ်မတော်အစိုးရသည် မလွှဲမရှောင်သာတော့ဘဲ ၁၉၈၉ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့ နံနက်မှစ၍ ဒေါ်စုကြည်နှင့် ဦးတင်ဦးတို့အား နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေအရ နေအိမ်မှာ တားဆီးကန့်သတ်လိုက်ပါသည်။ (အမေရိကန်အစိုးရအနေဖြင့် ရုပ်သေးအစိုးရ ပေါ်ပေါက်ရန် လက်လှမ်းဝေးသွားသဖြင့် မျောက်မီးခဲကိုင်မိသလို မနေနိုင် မထိုင်နိုင်ဖြစ်သွားပါသည်။)

တပ်မတော်အစိုးရသည် ဒို့တာဝန်အရေးသုံးပါးကို မိမိ၏အသက်ကဲ့သို့ သဘောထားလုပ်ကိုင်မှု၊ တိုင်းပြုပြည်ပြု ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်ပြည်လုံး နေရာအားလုံးတွင် အကောင်အထည်ဖော်မှုနှင့် စေတနာမှန်ကန်မှု စသည်တို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၇) ဖွဲ့နှင့် အခြားအဖွဲ့ငယ်များသည် ဥပဒေဘောင်အတွင်းဝင်ရောက်ပြီး ငြိမ်းချမ်းရေး တည်ဆောက်ခဲ့ကြပါသည်။ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်း၍ မိမိဒေသဖွံ့ဖြိုးရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါသည်။

တိုးတက်ပြောင်းလဲ ဖြစ်ထွန်းမှုများမှာလည်း အံ့မခန်းရှိလှပါသည်။ တပ်မတော်အစိုးရကလည်း လိုအပ်သည်များကို ပံ့ပိုးကူညီလျက်ရှိပါသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု (အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး) ကို ဆောင်ရွက်နေခြင်းလည်းဖြစ်ပါသည်။ ၎င်း၏အကျိုးဆက်ရလဒ်တစ်ခုအဖြစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် အမျိုးသားညီလာခံကြီးကို ၁၉၉၃ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် စတင်ကျင်းပနိုင်ခဲ့ပါသည်။

၁၉၉၃ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့်အခြေခံမူ ၁၀၄ ချက် ချမှတ်ခဲ့ပါသည်။ ၎င်းမူများအနက် နိုင်ငံခြားရေးနှင့်စပ်လျဉ်းသည့် အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်ကြောင်း တွေ့ရပါသည်–

- နိုင်ငံတော်သည် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းသည်။
- နိုင်ငံတော်သည် မည်သည့်နိုင်ငံကိုမျှ စတင်ကျူးကျော်တိုက်ခိုက်ခြင်းမပြု။
- နိုင်ငံတော်အတွင်း မည်သည့် နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြု။

အမေရိကန်အစိုးရသည် ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒကို မကြိုက်ပါ၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကိုလည်း လက်မခံပါ၊ အစဉ်တစိုက် ဆန့်ကျင်ခဲ့ပါသည်။ အမေရိကန်အစိုးရသည် ဗိုလ်ကျစိုးမိုးမှုဖြင့် စစ်ရေးအင်ပါယာ ထူထောင်နေပါသည်။ မလိုသည့်နိုင်ငံကို မလိုသလို နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး နည်းမျိုးစုံဖြင့် ပြောင်ပြောင်တင်းတင်းပင် ကုလသမဂ္ဂကိုဘေးချိတ်ပြီး ဝင်ရောက်ကျူးကျော် တိုက်ခိုက်မှုများ ပြုလုပ်နေပါသည်။

နိုင်ငံတော်အတွင်း မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြုဟူသည့် အခြေခံမူချမှတ်ထားခြင်းကြောင့် မြန်မာနိုင်ငံ၌ တပ်စခန်းများချထားလိုသော အမေရိကန်အစိုးရအဖို့ ဆွေ့ဆွေ့ခုန်စရာ ဖြစ်ခဲ့ပါသည်။

သာဓကများစွာ ရှိပါသည်။ စစ်အေးတိုက်ပွဲကာလတွင် အမေရိကန်သည် တရုတ်ပြည်အပါအဝင် ဆိုရှယ်လစ်နိုင်ငံများကို ဝိုင်းပတ်၍ ကမ္ဘာအနှံ့ နိုင်ငံအများအပြားတွင် စစ်စခန်းများ တည်ဆောက်ခဲ့ပါသည်။ ၁၉၉၁ ခုနှစ် ဆိုဗီယက်ယူနီယံပြိုကွဲပြီးနောက် စစ်အေးတိုက်ပွဲ ပြီးဆုံးသွားသော်လည်း အမေရိကန်စစ်စခန်းများမှာ လျော့၍မသွားသည့်အပြင် ပို၍ပင် များပြားလာပါသည်။ တစ်ကမ္ဘာလုံးတွင် စစ်စခန်းပေါင်း ၇၂၅ ခုကျော်အထိ ရှိလာပါသည်။ ဆက်လက်၍လည်း တိုးပွားနေပါသည်။ ယခင်ဆိုရှယ်လစ်နိုင်ငံအချို့၌ပင် အမေရိကန်စစ်စခန်းများ ရောက်ရှိတပ်ချလာပါသည်။ ရုရှားနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ၎င်း(အမေရိကန်)တို့က မိစ္ဆာနိုင်ငံများဟု ပုတ်ခတ်စွပ်စွဲထားသော နိုင်ငံများကို ဝိုင်းပတ်ထိန်းချုပ်ထားရန်အတွက်ဖြစ်ပါသည်။ ထုတ်၍မပြောသော်လည်း အမေရိကန်သည် တရုတ်နိုင်ငံ၏ ကာကွယ်ရေး၊ စီးပွားရေးအင်အားကြီးမားလာမှုအပေါ် စိုးရိမ်သောသဘောထားရှိနေပါသည်။

တရုတ်ပြည်ကို ဝိုင်းပတ်ရာတွင် ဟာကွက်တစ်ခုလိုဖြစ်နေသော တရုတ်ပြည်အနောက်တောင်ဒေသ၌ မြန်မာနိုင်ငံတည်ရှိနေရာ မြန်မာနိုင်ငံတွင် အမေရိကန်က ၎င်းတို့၏စစ်စခန်းများ၊ ဒုံးပျံစခန်းများ ထားရှိချင်နေပါသည်။ မြန်မာနိုင်ငံ၌ ဤစစ်စခန်းများကို လက်ခံမည့် အစိုးရ၊ တစ်နည်းအားဖြင့် ရုပ်သေးအစိုးရကို အမေရိကန်က လိုအပ်နေပါသည်။

ဤသို့ဖြစ်အောင် လုပ်ဆောင်ခဲ့သည့် လုပ်ရပ်သာဓကများ ရှိပါသည်။ မှတ်မိပါသေးသည်။ ရှမ်းပြည်နယ်တွင် ၁၉၅၉ ခုနှစ်က ရှမ်းစော်ဘွားများ အာဏာစွန့်လွှတ်ရပြီးနောက် အမေရိကန် CIA ၏ပယောဂဖြင့် ရှမ်းသောင်းကျန်းသူများ ပေါ်ပေါက်လာပါသည်။ တဖြည်းဖြည်း ရှမ်းသောင်းကျန်းသူအဖွဲ့များ များပြားလာပြီး အင်အားလည်း တိုးပွားလာပါသည်။ ရှမ်းစော်ဘွားအချို့နှင့် ရှမ်းသောင်းကျန်းသူ ခေါင်းဆောင်များသည် အမေရိကန် ဦးဆောင်ဖွဲ့စည်းထားသော ဆီးတိုး (SEATO) စစ်စာချုပ်အဖွဲ့နှင့် ဆက်သွယ်မှုပြုလုပ်သည့် အထောက်အထားများ တွေ့လာရပါသည်။ ဤသို့သော အခြေအနေတွင် ၁၉၆၂ ခုနှစ် နှစ်ဦးပိုင်း၌ ရှမ်းစော်ဘွားများ ဦးဆောင်၍ ဖက်ဒရယ်မူကို ပြောင်ပြောင်တင်းတင်းပင်

တိုင်းကျိုး ပြည်ပြုလုပ်ငန်းများကို သူမတူအောင် ကြိုးပမ်းဆောင်ရွက်နေသော တပ်မတော်နှင့် တပ်မတော်အစိုးရအပေါ် မဟာမိတ်လို သဘောမထားဘဲ ရန်သူလို သဘောထား လုပ်ဆောင်ရပ်တည်နေသော ပုဂ္ဂိုလ်များနှင့် NLD ပါတီအပေါ် တပ်မတော်အစိုးရက မည်သို့ သဘောထားရပါမည်နည်း။

အမေရိကန်အစိုးရသည် ဘက်မလိုက်သော နိုင်ငံခြားရေး ဝါဒကို မကြိုက်ပါ၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေး မူကို လည်း လက်မခံပါ၊ အစဉ်တစိုက်ဆန့်ကျင်ခဲ့၊ အမေရိကန်အစိုးရ သည် ပိုလ်ကျစိုးမိုးမှုဖြင့် စစ်ရေးအင်ပါယာ ထူထောင်နေ။ မလိုသည့်နိုင်ငံကို မလိုသလို နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး နည်းမျိုးစုံဖြင့် ပြောင်ပြောင်တင်းတင်းပင် ကုလသမဂ္ဂကို ဘေးချိတ်ပြီး ဝင်ရောက်ကျူးကျော် တိုက်ခိုက်မှုများ ပြုလုပ်နေ။

တင်ပြလာပါသည်။ အစိုးရက ဤမူကို လက်မခံလျှင် ပြည်ထောင်စုမှ ရှမ်းပြည်နယ်ကိုခွဲထွက်ပြီး သီးခြားလွတ်လပ်သော ရှမ်းနိုင်ငံထူထောင်ကာ ဆီးတိုးစစ်စာချုပ် အဖွဲ့ထဲဝင်ရန်ပင် ပြင်ဆင်ထားမှုများ ရှိလာပါသည်။

ဤသို့ ဖြစ်လာခဲ့လျှင် ရှမ်းပြည်နယ်၌ အမေရိကန်စစ်စခန်းများ ပေါ်ပေါက်လာမည်ဖြစ်ပါသည်။ အခြေအနေများ ခြေလွန်လက်လွန်မဖြစ်မီ တပ်မတော်က ကာကွယ်ထိန်းသိမ်းခဲ့ရပါသည်။ ပြည်ထောင်စုကြီး ပြိုကွဲမည့် အန္တရာယ်မှ ကာကွယ်လိုက်ရခြင်းဖြစ်ပါသည်။ ယင်းသို့ မကာကွယ်လိုက်နိုင်ပါက မြန်မာနိုင်ငံသည် ယနေ့ ယူဂိုဆလပ်နိုင်ငံကဲ့သို့ အစိတ်စိတ် အမြွှာမြွှာ ပြိုကွဲသွားမည်ဖြစ်ပါသည်။ ပဒေသရာဇ် ရှမ်းစော်ဘွားများနှင့် အမေရိကန်နယ်ချဲ့တို့သည် ကိုယ်ကျိုးသက်သက်ကိုသာ ကြည့်သော ရပ်တည်ချက်တွင် တူညီကြပါသည်။ ဘယ်သူသေသေ ငတေမာလျှင် ပြီးရောဟူသော ကြောက်စရာကောင်းသည့် ရပ်တည်ချက် ဖြစ်ပါသည်။

နောက်ထပ် သာဓကတစ်ခု ရှိပါသေးသည်။ MTA ခေါ် Mong Tai Army (MTA) ခေါင်းဆောင် ဦးခွန်ဆာနှင့်အဖွဲ့ လက်နက်နှင့် ငြိမ်းချမ်းရေး မလဲမီကာလက ဖြစ်ပါသည်။ အမေရိကန်အစိုးရသည် ဦးခွန်ဆာအား ၎င်းတို့နိုင်ငံ၌ ပြဋ္ဌာန်းထားသော ဖက်ဒရယ်မူးယစ်ဆေးဝါး ချိုးဖောက်မှုဥပဒေဖြင့် နှစ်ကြိမ်တိုင်တိုင် စွဲချက်တင်ကာ ဦးခွန်ဆာအား ဖမ်းဆီးရန် ၁၉၈၉ ခုနှစ်နှင့် ၁၉၉၅ ခုနှစ်တို့တွင် ဝရမ်းများ ထုတ်ပြန်ခဲ့ပါသည်။ ဦးခွန်ဆာကို ဖမ်းဆီးရန် သတင်းပေးနိုင်လျှင် ဆုကြေးငွေ အမေရိကန်ဒေါ်လာ နှစ်သန်းပေးမည်ဟုပင် ကြေညာခဲ့ပါသည်။

ဤသို့ဖြစ်ပါလျက် ၁၉၉၄ ခုနှစ် ဧပြီလ ၂၃ ရက်နေ့၌ ယခင် အမေရိကန်သမ္မတ ဂျင်မီကာတာ၏ မူးယစ်ဆေးဝါး အကြံပေးအရာရှိဖြစ်သူ Mr. Petar Bourne သည် MTA ဌာနချုပ် (ဟိုမိန်း) တွင် ရှိသည့် ဦးခွန်ဆာထံသို့ လာရောက်ကာ ရက်သတ္တတစ်ပတ်ကျော်မျှ နေထိုင်သွားခဲ့ပါသည်။ ယင်းသို့ နေထိုင်စဉ်အတွင်း ဦးခွန်ဆာ၏ အမှုကိစ္စများမှ လွတ်ကင်းစေရန်ဟူ၍ အကြောင်းပြကာ နိုင်ငံရေးလှည့်ကွက်များ ကျင့်သုံးရန် ဦးခွန်ဆာကို Mr. Petar Bourne က အကြံပေးခဲ့ပါသည်။ ထို့အပြင် နိုင်ငံတကာအသိုင်းအဝိုင်းက MTA ခေါင်းဆောင် ဦးခွန်ဆာအပေါ် မူးယစ်ဆေးဝါးတပ်ဖွဲ့ ခေါင်းဆောင်အဖြစ် မရှုမြင်ဘဲ ရှမ်းပြည်လွတ်မြောက်ရေးနှင့် ပြည်ထောင်စုမှ ခွဲထွက်ရေးအတွက် တိုက်ပွဲဝင်နေသည့် နိုင်ငံရေးအင်အားစု ခေါင်းဆောင်တစ်ဦးအဖြစ် အသိအမှတ်ပြု ထောက်ခံလာစေရန် မဟာဗျူဟာများ ရေးဆွဲသင့်ကြောင်းလည်း အကြံပြု ညွှန်ပြခဲ့ပါသည်။ MTA အနေဖြင့် လွတ်လပ်သော ရှမ်းနိုင်ငံအဖြစ် ကြေညာချက်ထုတ်ပြန်ရန်နှင့် ထိုသို့ထုတ်ပြန်ပြီးသည့်အခါ အနောက်နိုင်ငံများတွင် MTA ကိုယ်စားလှယ်ရုံးခွဲများ ဖွင့်လှစ်နိုင်ရန် လိုအပ်သော အကူအညီနှင့် ပံ့ပိုးမှုများပေးမည်ဟူသည့် သဘောတူညီချက်ကိုပင် ပေးခဲ့ပါသည်။

ဦးခွန်ဆာသည် Mr. Bourne ၏အကြံပြုချက်ကို ချက်ချင်းလက်ငင်း အကောင်အထည်ဖော်ကာ MTA အဖွဲ့၏ထိန်းချုပ်မှုအောက်ရှိ နယ်မြေကို လွတ်လပ်သော ရှမ်းနိုင်ငံအဖြစ်လည်းကောင်း၊ ၎င်းကိုယ်၎င်းလည်း သမ္မတအဖြစ်လည်းကောင်း ခန့်အပ်ကြေညာခဲ့ပါသည်။ ၎င်း၏ ဘိန်းဘုရင်ဟူသော အသွင်အပြင်ကို ရှမ်းပြည်လွတ်လပ်ရေး တိုက်ပွဲဝင်သည်ဟူသော အရောင်အသွေးဖြင့် ဖုံးကွယ်၍ နယ်မြေချဲ့ထွင်သည့် တိုက်ပွဲများကို ဖန်တီးခဲ့ပါသည်။ ဤသို့ ဖန်တီးခဲ့သော်လည်း အကျအဆုံးများစွာနှင့် ရင်ဆိုင်ခဲ့ရပါသည်။

ဦးခွန်ဆာ၏ လွတ်လပ်သော ရှမ်းနိုင်ငံအဖြစ် ကြေညာချက်သည် တပ်မတော်နှင့် MTA အကြား ဖြစ်ပွားနေသည့် တိုက်ပွဲများကို အရှိန်အဟုန်မြင့်တက်စေခဲ့ပြီး သွေးထွက်သံယိုမှုများတိုးပွားလာကာ ဒေသခံတိုင်းရင်းသားပြည်သူတို့အား ဆင်းရဲဒုက္ခများ ပိုမိုဖြစ်ပွားစေခဲ့ပါသည်။ ဤသည်မှာ အမေရိကန်တို့၏ လက်ချက်ကြောင့် ဖြစ်ပါသည်။

မည်သို့ပင် ဖြစ်စေကာမူ အမေရိကန်အစိုးရသည် ထိုနှစ်အတွင်းမှာပင် အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီနှင့် နယူးယောက်မြို့တို့တွင် မူလက ၎င်းတို့သဘောတူထားသည့်အတိုင်း MTA ၏ ကိုယ်စားလှယ်ရုံးခွဲများ ဖွင့်လှစ်ခွင့်ပေးခဲ့ပါသည်။

MTA ဌာနချုပ်ရှိ ဦးခွန်ဆာထံသို့ အမေရိကန် ဗိုလ်မှူးကြီးဟောင်း Hhon Be Grity၊ ဗြိတိသျှစစ်မှုထမ်းဟောင်း Patrie King၊ အမေရိကန် ရုပ်ရှင်ဒါရိုက်တာ Dan Melnick၊ အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Winston Lord ၏ဇနီး Belte Bao Lord၊ အမေရိကန် ဗဟိုထောက်လှမ်းရေးအဖွဲ့ (CIA) က လွှတ်လိုက်သည့်အဖွဲ့၊ အမေရိကန် လွှတ်တော်အမတ်အချို့နှင့် ပြည်ပစာနယ်ဇင်းမျိုးစုံ၊ အသံလွှင့်ဌာနမျိုးစုံမှ သတင်းထောက်များ ဥဒဟို ဝင်ထွက်သွားလာခဲ့ကြပါသည်။ အမေရိကန် ဒုတိယနိုင်ငံခြားရေးဝန်ကြီး၏ ဇနီးကဆိုလျှင် စစ်ဝတ်စုံ ၅၀၀ လက်ဆောင်ပေးသွားခဲ့ပါသည်။ ဤပုဂ္ဂိုလ်များ အလည်အပတ်သက်သက် လာရောက်ခြင်းမဟုတ်သည်မှာ သံသယဖြစ်ဖွယ် မရှိပါ။ မြန်မာ့ပြည်တွင်းရေးကို လက်ကုန်နှိုက်ပြီး ဝင်ရောက်စွက်ဖက် ခြေရှုပ်ကြခြင်းသာဖြစ်ပါသည်။

ထူးခြားစိတ်ဝင်စားဖွယ်ကောင်းသည်မှာ ၁၉၉၅ ခုနှစ်တွင် CIA က စေလွှတ်လိုက်သည့်အဖွဲ့တစ်ဖွဲ့သည် ဦးခွန်ဆာထံသို့ ရောက်လာပါသည်။ Mr. Shane Wang နှင့် Mr. Peter Lui ဆိုသူတို့ ဖြစ်ကြပါသည်။ Peter Lui သည် ၁၉၉၁ ခုနှစ်လောက်ကတည်းက ဦးခွန်ဆာထံသို့ မကြာခဏ လာရောက်တွေ့ဆုံခဲ့သူဖြစ်သည်။ ၎င်းတို့သည် **CIA ဌာနချုပ်က မှာလိုက်သည့်အတိုင်း MTA အား ငွေကြေး၊ လက်နက်နှင့်တကွ အခြားစစ်ပစ္စည်းများ အထောက်အပံ့အကူအညီပေးရေး အကြံပြုချက်တစ်ရပ်ကို ကမ်းလှမ်းခဲ့ကြသည်။ ဤထောက်ပံ့မှုများအတွက် MTA ထိန်းချုပ်ထားသောနယ်မြေတွင် အမေရိကန်၏ဒုံးပျံစခန်းတစ်ခု ထူထောင်ခွင့်ပြုရန် အပေးအယူလုပ်ရမည့် အဓိကအချက် ပါလာပါသည်။**

ဦးခွန်ဆာသည် ထိုကာလက တပ်မတော်အစိုးရကို တိုက်ခိုက်နေသူဖြစ်သော်လည်း အမျိုးသားနိုင်ငံရေးအသိတရားမဲ့သူ မဟုတ်ပါ။ ၎င်းနှင့်တကွ ၎င်းတို့နယ်မြေအတွင်း နေထိုင်ကြသူများအပေါ် ကျရောက်လာနိုင်သည့် အန္တရာယ်ကို သဘောပေါက် နားလည်သည့်အတွက် CIA ၏ ကမ်းလှမ်းချက်ကို မဆိုင်းမတွပင် ငြင်းပယ်ခဲ့ပါသည်။ ဤအတွက် ဦးခွန်ဆာကို ကျေးဇူးတင်ရမည်ဖြစ်ပါသည်။

ဦးခွန်ဆာသည် အမေရိကန်တို့၏ ဤတောင်းဆိုချက်ကို လက်ခံသဘောတူညီမှုမပြုသည့်အတွက် ၎င်း၏အသက်ဘေးအန္တရာယ် ကျရောက်နိုင်သည်ကို ကောင်းစွာနားလည်သဘောပေါက်သဖြင့်လည်းကောင်း၊ အခြားအကြောင်းများကြောင့်လည်းကောင်း ၎င်းတို့အဖွဲ့လုပ်ကိုင် ဆောင်ရွက်နေသောလုပ်ငန်းအားလုံးကို ရပ်ဆိုင်းပြီး ၁၉၉၆ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့မှစ၍ တပ်မတော်အစိုးရထံသို့ ခြွင်းချက်မရှိ လက်နက်အားလုံးအပ်နှံ၍ ငြိမ်းချမ်းရေး ရယူခဲ့ပါသည်။ ဤလုပ်ရပ်ကြောင့် အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံအပေါ် အကြံပက်စက်စွာ လုပ်ကြံမှုကြီးတစ်ခု ပျက်ပြားသွားခဲ့ခြင်းဖြစ်ပါသည်။

ရှမ်းပြည်နယ် အပါအဝင် ပြည်ထောင်စုကြီး တစ်ခုလုံးအတွက် အများကြီး အကျိုးသက်ရောက်စေခဲ့ပါသည်။ နှစ်ဖက် သွေးထွက်သံယိုမှုကြီးများ ဆက်လက်ဖြစ်ပွားမည်ကို ရပ်စဲလိုက်ပြီး မေတ္တာနှင့်ယှဉ်သော ငြိမ်းချမ်းရေးကို ရယူလိုက်ခြင်းဖြစ်ပါသည်။ သာဓုခေါ်ရမည် ဖြစ်ပါသည်။

တပ်မတော်အစိုးရသည် အကြောင်းအမျိုးမျိုးကို ထောက်ရှု၍လည်းကောင်း၊ ထိပ်တိုက်ရင်ဆိုင်မှုကို ပြေအေးစေလိုသဖြင့်လည်းကောင်း ဒေါ်စုကြည်နှင့် ဦးတင်ဦးကို တားဆီးမိန့်ထုတ်ပြန်ထားခြင်းမှ ၁၉၉၅ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့တွင် ရုပ်သိမ်းပေးခဲ့ပါသည်။ ဒေါ်စုကြည်သည် ဇူလိုင်လ ၁၀ ရက်၊ ၁၄ ရက်၊ ၂၄ ရက်နှင့် နောက်ပိုင်းရက်များတွင် ပြည်တွင်းပြည်ပသတင်းစာဆရာများ၊ သံတမန်များနှင့် တွေ့ဆုံရာတွင်–

- တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းနှင့် အလုံးစုံပျက်သုဉ်းခြင်းတည်းဟူသော လမ်းနှစ်သွယ်အနက် တစ်ခုခုကို ရွေးချယ်ရမည်ဖြစ်ကြောင်း၊
- ယခုကျင်းပနေသော အမျိုးသားညီလာခံကို ၎င်းကမကြိုက်ကြောင်း၊ ပြုပြင်စရာများ များစွာရှိကြောင်း၊ ထိုအရာများအားလုံးကို ပြုပြင်ပြောင်းလဲရမှာဖြစ်ကြောင်း၊
- ဦးအောင်ရွှေတို့ဆိုလျှင် အမျိုးသားညီလာခံကို စပြီးလုပ်ကတည်းက တက်ရောက်နေကြောင်း၊ ၎င်းအနေဖြင့် ထိုသို့တက်ရောက်နေခြင်းကို သဘောထားမတိုက်ဆိုင်ကြောင်း၊ မကြိုက်ကြောင်း၊
- မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ မပြုလုပ်သင့်ကြောင်း၊ ဂျပန်နိုင်ငံမှ ထောက်ပံ့နေသော အထောက်အပံ့များ အပါအဝင် အခြားနိုင်ငံများကလည်း အထောက်အပံ့များ မပြုလုပ်သင့်ကြောင်း၊
- အာဆီယံနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံအား ဆေးဖော်ကြောဖက် မလုပ်ဖို့လိုကြောင်းများ ပြောကြားခဲ့ပါသည်။ (တပ်မတော်အစိုးရ အကျပ်အတည်းဖြစ်ရန်နှင့် အမျိုးသားညီလာခံကိုဖျက်ရန် အမေရိကန်အစိုးရအကြိုက် ခြေလှမ်းလာခြင်းသာ ဖြစ်ပါသည်။)

ဒေါ်စုကြည် လွတ်လာပြီးနောက် နှစ်လအကြာ ၁၉၉၅ ခုနှစ် စက်တင်ဘာလ ၉ ရက် နံနက်ပိုင်းတွင် ကုလသမဂ္ဂဆိုင်ရာ အမေရိကန် အမြဲတမ်းသံအမတ်ကြီး မစ္စစ်မယ်ဒလင်းအောဘရိုက် (နောက်ပိုင်းတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဖြစ်လာသူ)သည် မြန်မာနိုင်ငံသို့ ရောက်ရှိလာပြီး ဒေါ်စုကြည်နှင့် ၎င်း၏နေအိမ်အနောက်ဘက်ရှိ အင်းလျားကန်ပေါင်ပေါ်၌ လမ်းလျှောက်ရင်း နှစ်ကိုယ်ကြားတွေ့ဆုံမှု ပြုလုပ်ခဲ့ပါသည်။ ယင်းသို့ တွေ့ဆုံပြီးနောက် ဒေါ်စုကြည်သည် အမျိုးသားညီလာခံအပေါ် ပိုမိုတင်းမာသည့် သဘောထားများကို ပြသလာပါသည်။ ထိုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့မှစ၍ ဒေါ်စုကြည်၏အမိန့်ဖြင့် အမျိုးသားညီလာခံသို့ တက်ရောက်နေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) မှ ကိုယ်စားလှယ် ၈၆ ဦးတို့သည် ညီလာခံသို့ တက်ရောက်ခြင်းမပြုတော့ဘဲ သပိတ်မှောက်သွားကြပါသည်။ (အမျိုးသားညီလာခံပျက်အောင်လုပ်ခြင်းဖြစ်ပါသည်။) ထိုအခြေအနေကြောင့် အမျိုးသားညီလာခံကို ရှစ်နှစ်မျှ ရပ်နားခဲ့ရပြီး ယနေ့အချိန်အခါတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းအကောင်အထည်ဖော်ရေးအတွက် နိုင်ငံရေးလမ်းပြမြေပုံ (၇)ရပ်ချမှတ်ပြီး အမျိုးသားညီလာခံကို ဆက်လက်ကျင်းပလျက်ရှိပါသည်။

အမေရိကန်အစိုးရနှင့် ဒေါ်စုကြည်တို့သည် အမျိုးသားညီလာခံ ဆက်လက်ကျင်းပနေခြင်းကို မကြိုက်ကြပါ။ မြန်မြန်ပျက်စေချင်နေပါသည်။ အဓိကအချက်မှာ အမေရိကန်အစိုးရက မြန်မာနိုင်ငံ၌ ၎င်း၏ စစ်အခြေစိုက်စခန်းများနှင့် ဒုံးပျံစခန်းများချထားလို၍ ဖြစ်ပါသည်။ သို့ရာတွင် အမျိုးသားညီလာခံက ချမှတ်ထားသည့် အခြေခံမူ(၁၀၄)ချက်တွင် နိုင်ငံတော်အတွင်း မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြုဟူသော အခြေခံမူပါရှိနေရာ ဤမူနှင့်အခြား ၎င်းတို့မကြိုက်သောမူများကိုပါ ဖျက်ဆီးပစ်လိုပါသည်။ အမေရိကန်တို့အတွက် စစ်အခြေစိုက်စခန်း ချခွင့်ရမည့် ဖွဲ့စည်းပုံမျိုးနှင့် ကြားနေအစိုးရ၊ ဘက်မလိုက်အစိုးရမျိုး မဟုတ်သည့် ရုပ်သေးအစိုးရ၊ ၎င်းတို့စကားနားထောင်မည့် အစိုးရ၊ ထားရာနေ စေရာသွားမည့် အစိုးရမျိုးဖြစ်ရန် လိုအပ်နေပါသည်။ ဤအတွက် အမေရိကန်အစိုးရသည် ၎င်းတို့အလိုကျ ကြိုးဆွဲရာကမည့် ဒေါ်စုကြည်ကို မြန်မာနိုင်ငံအစိုးရခေါင်းဆောင်အဖြစ် တင်မြှောက်လိုပါသည်။ ဤသို့ ဖြစ်လာရန်မှာလည်း လုံးဝမလွယ်ကူဘဲ ဖြစ်နေပါသည်။ အဓိကအကြောင်းရင်းမှာ အမျိုးသားညီလာခံက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ပိုင်ခွင့်မရှိသည့် အသေးစိတ်အခြေခံရမည့်မူ (၁၂)ချက် ချမှတ်ခဲ့ရာတွင် ၁၉၄၇ ခုနှစ်က ဒေါ်စုကြည်၏ဖခင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်တင်ပြ၍ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းခဲ့သည့် မူကြီး(၃)ရပ် ပါရှိလာခြင်းကြောင့် ဖြစ်ပါသည်။

ယင်းမူကြီး(၃)ရပ်မှာ–

- နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက်ရှိသေသူ၊ သို့မဟုတ် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ၊ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူ၊
- နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသော အခွင့်အရေးများ၊ သို့မဟုတ် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူ၊
- နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ၊ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း၊ သို့မဟုတ် အခြားအဖွဲ့အစည်းများမှ ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်း စသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ အထောက်အပံ့ရယူ သုံးစွဲသူ၊ သို့မဟုတ် ယင်းသို့ အထောက်အပံ့ ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ ဟူ၍ ဖြစ်ပါသည်။

ဖော်ပြပါ မူများအရ ဒေါ်စုကြည်သည် မြန်မာနိုင်ငံ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဖြစ်မလာနိုင်ပါ။ အစိုးရခေါင်းဆောင် ဖြစ်မလာနိုင်ပါ။ ဤမူများမှာလည်း အမျိုးသားညီလာခံကြီးက တမင်တီထွင်၍ ရေးဆွဲချမှတ်ခဲ့ခြင်းမဟုတ်ပါ။ ဒေါ်စုကြည်၏ဖခင်ဖြစ်သော၊ နယ်ချဲ့တို့ကို ဆန့်ကျင်တိုက်ခိုက်ခဲ့သော လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ရေးဆွဲချမှတ် ပြဋ္ဌာန်းခဲ့သည့် မူများဖြစ်သည့်အပြင် မြန်မာနိုင်ငံအစိုးရ အဆက်ဆက်က လက်ခံကျင့်သုံးခဲ့သည့် မူများလည်းဖြစ်နေပါသည်။

အလားတူပင် ပြည်ပြေးအကြမ်းဖက်သောင်းကျန်းသူများနှင့် KNU အဖွဲ့အတွင်းမှ နိုင်ငံရေးသမားဆိုသူများကလည်း အမျိုးသားညီလာခံကြီး အရှိန်အဟုန်ဖြင့် အောင်မြင်စွာကျင်းပနေခြင်းကို မကြိုက်ကြပါ။ ၎င်းတို့မကြိုက်သည့်အကြောင်းအရင်းမှာ အမျိုးသားညီလာခံက ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ရှေးရှုပြီး နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်မှုကို ယခင်မူလအတိုင်း တိုင်းဒေသကြီး(၇)ခုနှင့် ပြည်နယ်(၇)ခုတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ရန် အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ထားခြင်းကြောင့် ဖြစ်ပါသည်။

၎င်းတို့လိုလားသည်မှာ ပြည်နယ်(၈)ပြည်နယ်ဟုဆိုသော ဖက်ဒရယ်မူပင် ဖြစ်ပါသည်။ထိုဖက်ဒရယ်မူကို လက်ခံကိုင်စွဲထားကြောင်းကိုလည်း မဲသရောထကြေညာချက်ဖြင့် အတိအလင်း ကြေညာထားပါသည်။ ၎င်းမဲသရောထ ကြေညာချက်ကိုလည်း NLD ဒေါ်စုကြည်က ထောက်ခံကြောင်း ထုတ်ဖော်ပြောကြားထားပါသည်။ ၎င်းတို့၏ ဖက်ဒရယ်မူဆိုသည်မှာ ၁၉၆၂ ခုနှစ်ကာလက ရှမ်းပဒေသရာဇ်စော်ဘွားအန္တယ်များ ခြေရှုပ်လှုပ်ရှားခဲ့ကြသည့် ဖက်ဒရယ်မူကို ပြန်လည်အသက်သွင်းနေခြင်းဖြစ်ရာ ပြည်ထောင်စုကြီးအတွက် အလွန်ပင် အန္တရာယ်ကြီးမားသော လုပ်ရပ်ဖြစ်နေပြန်ပါသည်။

ထိုအကြောင်းများကြောင့် အနောက်နိုင်ငံကြီးအချို့နှင့် အမေရိကန်အစိုးရကလည်းကောင်း၊ ဒေါ်စုကြည်နှင့် NLD ခေါင်းဆောင်များသည်လည်းကောင်း၊ လက်ကျန်ပြည်ပြေး အကြမ်းဖက်သောင်းကျန်းသူများနှင့် KNU နိုင်ငံရေးသမားဆိုသူများကလည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် ကျင်းပပြုလုပ်နေသော အမျိုးသားညီလာခံကြီးပျက်ပြားသွားစေရန်နှင့် တပ်မတော်အစိုးရကို ဖယ်ရှားပစ်ရန် နည်းလမ်းမျိုးစုံသုံး၍ ဆန့်ကျင်လှုပ်ရှားနေကြခြင်းဖြစ်ပါသည်။

မြေပေါ်မြေအောက်နည်း၊ ပြည်တွင်းပြည်ပနည်း၊ သံတမန်နည်း၊ နိုင်ငံတကာမှ ဖိအားပေးစေသည့်နည်း၊ ကုလသမဂ္ဂအပါအဝင် အဖွဲ့အစည်းပေါင်းစုံနည်း စသည်များကို အသုံးချနေပါသည်။ ၁၉၈၈ ခုနှစ် အရေးအခင်းကဲ့သို့ ဆူပူအုံကြွအကြမ်းဖက်မှုများ ပေါ်ပေါက်ရေးအထိ ပြင်ဆင်လှုပ်ရှားနေကြပါသည်။

၎င်းတို့၏ အကြံအစည်များကို ဖုံးကွယ်လှည့်စားပြီး နိုင်ငံတကာမှ ထင်ယောင်ထင်မှားဖြစ်အောင်လည်း နည်းမျိုးစုံဖြင့် လုပ်ဆောင်နေကြပါသည်။ အမေရိကန်အစိုးရက မြန်မာနိုင်ငံ၏အခြေအနေသည် နိုင်ငံတကာလုံခြုံရေးကို ထိခိုက်စေနိုင်သည်ဟု မဟုတ်မမှန်လုပ်ကြံစွပ်စွဲပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ထည့်သွင်းဆွေးနွေးရန် တစ်ဖက်သတ်လုပ်ဆောင်ခဲ့ခြင်းသည် ဖော်ပြပါအကြောင်းအရင်းခံများကြောင့်ပင် ဖြစ်ပါသည်။

အမေရိကန်၏ မြန်မာနိုင်ငံအပေါ် ယင်းသို့တစ်ဖက်သတ် ဖိအားပေးလုပ်ဆောင်နေခြင်းကို သမာသမတ်ကျသောနိုင်ငံများ၊ ဘက်မလိုက်သောနိုင်ငံများက ဆန့်ကျင်ကန့်ကွက်နေသည့်ကြားမှလည်းကောင်း၊ ပြည်တွင်းမှ အမျိုးသားရေးအင်အားစုများနှင့် ပြည်သူလူထုတို့က ဆန့်ကျင်ကန့်ကွက်နေကြသည့်ကြားမှလည်းကောင်း NLD နှင့် အပေါင်းပါ နိုင်ငံရေးသမားဆိုသူများ၊ ပြည်ပြေးအကြမ်းဖက်သောင်းကျန်းသူများက ဝမ်းသာအားရ ကြိုဆိုထောက်ခံနေကြသည်မှာလည်း အထက်ဖော်ပြပါ အခြေခံအကြောင်းအရင်းများကြောင့် ဖြစ်ကြောင်း သိသာထင်ရှားနေပါသည်။

ဤဆောင်းပါးရေးသားပြုစုနေစဉ် ယခုရက်ပိုင်းအတွင်းမှာပင် မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ လုံခြုံရေးကောင်စီ၌ ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် အမေရိကန်အစိုးရက မူကြမ်းတင်သွင်းမည်ဖြစ်ကြောင်း သတင်းများ ကြားသိနေရပါသည်။ ယင်းသို့ အမေရိကန်တင်သွင်းသောမူကြမ်း အတည်ပြုနိုင်ရေးအတွက်လည်း ၎င်းတို့လက်ပါးစေမီဒီယာများက ဘေးတီးပေးနေသလို ပြည်ပြေးများ၊ ပြည်တွင်းမှ နိုင်ငံရေးသမားဆိုသူများကလည်း လှုံ့ဆော်နေသည်ကို ကြားသိနေရပြန်ပါသည်။ မိတ်ဆွေသတင်းသမားတစ်ဦးကလည်း ယခုရက်ပိုင်းအတွင်း ရန်ကုန်မြို့ရှိ NLD ဌာနချုပ်သို့ အမေရိကန်သံရုံးမှ သံတမန်၊ ဝန်ထမ်းများ နေ့စဉ်လိုလိုလာရောက်ပြီး NLD, CEC များနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နေကြောင်း ပြန်လည်ပြောပြသဖြင့် သိခဲ့ရပါသည်။ ဤဖြစ်ရပ်များမှာလည်း အချိန်ကိုက်၊ စည်းဝါးကိုက် ပူးပေါင်းကြံစည်လှုပ်ရှားနေခြင်းဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံ၌စစ်စခန်းနှင့် ဒုံးပျံစခန်းများအခြေစိုက်ချထားနိုင်ရေးအတွက် ကိုယ်ပိုင်ရုပ်သေး အစိုးရထားရှိရန် ကြိုးပမ်းအားထုတ်နေသော အမေရိကန်နှင့် အမေရိကန်အလိုကျ ကြိုးဆွဲရာလိုက်ကနေသော အမျိုးသားသစ္စာဖောက်များအကြောင်းကို ပြည်သူများနှင့် နိုင်ငံတကာမှ ဂဃနဏသိရှိနိုင်ကြစေရန် ရည်ရွယ်လျက် ဤဆောင်းပါးကို ရေးသားပြုစုတင်ပြလိုက်ရပါသည်။ ။

ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲ ပြည်ထဲရေးနှင့် ပို့ဆောင်ရေးတို့ ယနေ့ဗိုလ်လုပွဲ ယှဉ်ပြိုင်မည်

သတင်းဆောင်းပါး ကိုထွေး

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ဆဋ္ဌမအကြိမ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီး (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ အုပ်စု ပတ်လည်ပွဲစဉ်များ ဇန်နဝါရီ ၇ ရက်က ပြီးဆုံးသွားပြီဖြစ်ရာ နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ဇန်နဝါရီ ၁၄ ရက်(ယနေ့) **ညနေ ၃ နာရီခွဲတွင် အောင်ဆန်း အားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။**

နောက်ဆုံး ဗိုလ်လုပွဲအဖြစ် ပြည်ထဲရေးဝန်ကြီးဌာန အမျိုးသမီး ဘောလုံးအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန အမျိုးသမီး ဘောလုံး အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ယမန်နှစ်က ဗိုလ်လုပွဲ၌ ဆုံတွေ့ခဲ့သော နှစ်သင်း ပြန်လည်ဆုံတွေ့ခြင်းပင်ဖြစ်သည်။ ပဉ္စမအကြိမ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီး (အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပြည်ထဲရေးအသင်းက ပို့ဆောင်ရေးအသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲခဲ့သည်။

ဆဋ္ဌမအကြိမ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီး (အလွတ်တန်း) ဘောလုံးပြိုင်ပွဲတွင် ပြည်ထဲရေးအသင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အသင်း၊ ပို့ဆောင်ရေးအသင်း၊ ကာကွယ်ရေး ဝန်ကြီးဌာနအသင်း၊ အား/ကာ သိပ္ပံ(ရန်ကုန်) အသင်းနှင့် အား/ကာသိပ္ပံ(မန္တလေး) အသင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲဝင်ခြောက်သင်းကို ပထမအကျော့ ပတ်လည်အမှတ်ပေးပွဲစဉ်နှင့် ဒုတိယအကျော့ ပတ်လည်အမှတ်ပေး ပွဲစဉ်ဟူ၍ နှစ်ကျော့ ယှဉ်ပြိုင်ကစားစေခဲ့သည်။

အမှတ်ပေးပွဲ

ပထမအကျော့ ပတ်လည်အမှတ်ပေးပွဲစဉ်များကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၄ ရက်မှ ၁၈ ရက်အထိလည်းကောင်း၊ ဒုတိယအကျော့ပတ်လည်အမှတ်ပေးပွဲစဉ်များကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်မှ ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၇ ရက်အထိလည်းကောင်း အောင်ဆန်း အားကစားပြိုင်ကွင်း၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

အုပ်စုပတ်လည်ပွဲစဉ်များ နှစ်ကျော့ ယှဉ်ပြိုင်ကစားပြီးချိန်တွင် ပြည်ထဲရေး သင်းက ကိုးပွဲနိုင်၊ တစ်ပွဲသရေ ၂၈ မှတ်ဖြင့် အုပ်စုပထမ၊ ပို့ဆောင်ရေးအသင်းက ရှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ၂၅ မှတ်ဖြင့် အုပ်စုဒုတိယ ရရှိကြသည်။ အမှတ်အများဆုံးရရှိကြသော ပြည်ထဲရေးအသင်းနှင့် ပို့ဆောင်ရေးအသင်းတို့ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားရခြင်း ဖြစ်သည်။

တစ်ဂိုးစီသရေကျ

လက်ရှိချန်ပီယံပြည်ထဲရေးအသင်းသည် ပထမအကျော့အုပ်စု ပတ်လည်ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းကို ခုနစ်ဂိုး– ဂိုးမရှိ၊ ကာကွယ်ရေး ဝန်ကြီးဌာနအသင်းကို ငါးဂိုး–ဂိုးမရှိ၊ အား/ကာသိပ္ပံ (မန္တလေး)အသင်းကို လေးဂိုး– ဂိုးမရှိ၊ အား/ကာသိပ္ပံ(ရန်ကုန်) အသင်းကို ငါးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ပို့ဆောင်ရေးအသင်းနှင့် တစ်ဂိုးစီ သရေကျခဲ့သည်။

ဒုတိယအကျော့ အုပ်စုပတ်လည်ပွဲစဉ်များ ယှဉ်ပြိုင်ကစားရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းကို ကိုးဂိုး– တစ်ဂိုး၊ အား/ကာသိပ္ပံ (ရန်ကုန်) အသင်းကို ခုနစ်ဂိုး–နှစ်ဂိုး၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို လေးဂိုး–ဂိုးမရှိ၊ ပို့ဆောင်ရေးအသင်းကို ခြောက်ဂိုး–သုံးဂိုး၊ အား/ကာသိပ္ပံ (မန္တလေး) အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပြည်ထဲရေးအသင်း

လက်ရှိချန်ပီယံပြည်ထဲရေး အမျိုးသမီးဘောလုံးအသင်းတွင် အုပ်ချုပ်သူအဖြစ် ဒုတိယရဲမှူးကြီးခင်ထွန်း (ဒုတိယ ညွှန်ကြားရေးမှူး၊ဘဏ္ဍာ)၊ နည်းပြအဖြစ် ဒုတိယရဲမှူးသန်းအေး၊ အားကစားသမားများအဖြစ် မေခင်ယမင်း **(ဂိုး)**၊ ခင်မေသန်း(ဂိုး)၊ သဲသဲချို၊ စန်းစန်းမော်၊ စန်းစန်းသိန်း၊ အေးအေးခိုင်၊ သူဇာထွေး၊ စုစုဝေ၊ မိုင်နီလာထွေး၊ ခင်မိုးဝေ၊ စန်းစန်းကြူ **(အသင်းခေါင်းဆောင်)**၊ နွယ်နွယ်တိုး၊ တင်တင်စိုး၊ မေသက်ဖြူ၊ စိမ်းချိုအောင်၊ စုစုမွန်၊ အိအိဖြိုးတို့ ပါဝင်ကြသည်။

အနိုင်ရရှိ

ယမန်နှစ်ပြိုင်ပွဲ၌ ဒုတိယရရှိခဲ့သော ပို့ဆောင်ရေးအသင်းသည် ပထမအကျော့အုပ်စုပတ်လည်ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာတွင် ကာကွယ်ရေး ဝန်ကြီးဌာနအသင်းကို ငါးဂိုး– တစ်ဂိုး၊ အား/ကာသိပ္ပံ(ရန်ကုန်) အသင်းကို ခြောက်ဂိုး–တစ်ဂိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အသင်းကို ကိုးဂိုး–ဂိုးမရှိ၊ အား/ကာသိပ္ပံ(မန္တလေး)အသင်းကို ငါးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ပြည်ထဲရေးအသင်းနှင့် တစ်ဂိုးစီ သရေပွဲ ဖြစ်ခဲ့သည်။

ဒုတိယအကျော့ ပတ်လည်ပွဲစဉ်များယှဉ်ပြိုင်ကစားရာတွင် အား/ကာသိပ္ပံ(ရန်ကုန်)အသင်းကို ငါးဂိုး–ဂိုးမရှိ၊ အား/ကာသိပ္ပံ(မန္တလေး) အသင်းကို နှစ်ဂိုး–တစ်ဂိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အသင်းကို လေးဂိုး–ဂိုးမရှိ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို ခုနစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ပြည်ထဲရေးအသင်းကို ခြောက်ဂိုး–သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ပို့ဆောင်ရေးအသင်း

ပို့ဆောင်ရေးအမျိုးသမီး ဘောလုံးအသင်းတွင် အုပ်ချုပ်သူအဖြစ် ဒေါ်ခင်သန်းနိုင်၊ နည်းပြချုပ်အဖြစ် ဦးဝင်းစိန်၊ လက်ထောက်နည်းပြအဖြစ် ဦးခင်မောင်မြင့်၊ အားကစားသမားများအဖြစ် အေးအေးသန်း**(ဂိုး)**၊ ဝါဝါမိုး**(ဂိုး)**၊ မိုးမိုးထွေး၊ နေဇာလင်းလင်းအောင်၊ သန္တာမိုး၊ သန်းသန်းထွေး၊ ဇင်မာဝမ်း၊ အေးနန္ဒာလှိုင် **(အသင်းခေါင်းဆောင်)**၊ မိုးသီတာ၊ စန်းယုနိုင်၊ ရွှေဇင်အောင်၊ မာဂရက်မေရီ၊ ဉမ္မာစန်း၊ မူမူလွင်၊ စန်းစန်းမော်ဝင်း၊ နန်းကြေးငုံ၊ ရီရီနွယ်၊ မြင့်မြင့်အေးတို့ ပါဝင်ကြသည်။

တွေ့ဆုံမေးမြန်း

ပြည်ထဲရေးအသင်းနှင့် ပို့ဆောင်ရေးအသင်းတို့၏ ဗိုလ်လုပွဲနှင့် ပတ်သက်၍ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းများ အုပ်ချုပ်သူ ဒေါ်မြတ်မြတ်ဦး (ရွှေရှမ်းကန်)အား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်း ဖြစ်ခဲ့သည်။ ဒေါ်မြတ်မြတ်ဦးက ပြောကြားရာ "ပြည်ထဲရေးအသင်းနှင့် ပို့ဆောင်ရေးအသင်းတို့၏ ဗိုလ်လုပွဲစဉ်သည် နှစ်သင်းစလုံး၌ လက်ရွေးစင်များ ပါဝင်နေ၍ ပွဲကောင်းတစ်ပွဲဖြစ်ကြောင်း၊ တစ်သင်းနှင့်တစ်သင်း ခြေမကွာ၍ အမှားနည်းသည့်အသင်း အနိုင်ရမည်ဖြစ်ကြောင်း၊ ပို့ဆောင်ရေးအသင်းမှ ကစားသမားများ ထိခိုက် ဒဏ်ရာရရှိထားသူများရှိကြောင်း၊ ပြည်ထဲရေးအသင်း နောက်တန်းမှ စန်းစန်းမော်နှင့် စန်းစန်းသိန်းတို့ ကြံ့ခိုင်မှုကောင်းကြ၍ အားသာချက်ဖြစ်ကြောင်း၊ ပြည်ထဲရေးဂိုးသမား မေခင်ယမင်းကလည်း မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း၏ တာထွက်ဂိုးသမားဖြစ်၍ စိတ်ချရကြောင်း၊ အလယ်တန်းနှင့် ရှေ့တန်း ယှဉ်လျှင် မကွာလှကြောင်း၊ ပြည်ထဲရေးအသင်းမှ တိုက်စစ်မှူး မိုင်နီလာထွေး ယခုပြိုင်ပွဲ၌ ခြေစွမ်းပြနိုင်၍ ပို့ဆောင်ရေးနောက် တန်းလူများ ခက်ခက်ခဲခဲ ထိန်းရမည်ဖြစ်ကြောင်း၊ ပြည်ထဲရေးအသင်းက လက်ရှိချန်ပီယံဘွဲ့ကို ဆက်ထိန်းမည်ဖြစ်သလို ပို့ဆောင်ရေးအသင်းကလည်း ယမန်နှစ်က ရှုံးကြေးကိုဆပ်ပြီး ချန်ပီယံဆုရအောင်ကစားမည်ဖြစ်ရာ အကြိတ်အနယ်ရှိမည်ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

နှိုင်းယှဉ်သုံးသပ်ရသော်

လက်ရှိချန်ပီယံ ပြည်ထဲရေးအသင်းသည် အုပ်စုပွဲစဉ် နှစ်ကျော့ ယှဉ်ပြိုင်ကစားခဲ့ရာတွင် ဂိုး ၅၀ သွင်းယူခဲ့ပြီး ခုနစ်ဂိုး ပြန်ပေးခဲ့ရသည်။ ပို့ဆောင်ရေးအသင်းသည် အုပ်စုပွဲစဉ်နှစ်ကျော့ ယှဉ်ပြိုင်ကစားခဲ့ရာတွင် ၄၇ ဂိုးသွင်းယူခဲ့ပြီး ၁၀ ဂိုး ပြန်ပေးခဲ့ရသည်။ နှစ်သင်း၏ ခြေစွမ်းကို နှိုင်းယှဉ်သုံးသပ်ရသော် ပြည်ထဲရေးအသင်းက အားသာချက်များ ရှိနေသည်။ ယခင်က ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲ၌ ပို့ဆောင်ရေးအသင်း၊ ပြည်ထဲရေးအသင်းနှင့် မြို့တော်စည်ပင်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြရသည်။ ယခုအခါ မြို့တော်စည်ပင်အသင်း ဖျက်သိမ်းလိုက်ပြီးနောက်ပြည်ထဲရေးအသင်းနှင့်ပို့ဆောင်ရေးအသင်းတို့သာလျှင် ချန်ပီယံဆုအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ကြရသည့် အနေအထားဖြစ်ကြောင်း သတင်းစကားပါး ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ချယ်လ်ဆီးတို့ နိုင်ပွဲပြန်စနိုင်သော်လည်း မန်ယူတို့ ခြောက်မှတ်အသာဖြင့် ဦးဆောင်ဆဲ

သတင်းမြင်ကွင်း – မြင့်စိုး

လန်ဒန် ဇန်နဝါရီ ၁၃

ပရီမီယာလိဂ်ပွဲစဉ်(၂၃) ဘောလုံးပြိုင်ပွဲများကို ဇန်နဝါရီ ၁၃ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ပြိုင်ဘက် မန်ချက်စတာယူနိုက်တက်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့သည် အသီးသီး အနိုင်ရရှိခဲ့ကြသည်။

အစောပိုင်းပြိုင်ပွဲတွင် လီဗာပူးအသင်းသည် အဝေးကွင်း၌ ဝက်ဖို့ဒ်အသင်းကို သုံးဂိုး– ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။ ယင်းပွဲ လီဗာပူးတို့ အနိုင်ရလိုက်၍ ပြီးခဲ့သော သီတင်းပတ်က အက်ဖ်အေဖလားနှင့် ကားလင်းဖလား ရှုံးနိမ့်မှုများအပေါ်၌ စိတ်သက်သာရာရသွားသည်။

မန်ယူ–အက်စ်တွန်ဗီလာ

အမှတ်ပေးဇယားတွင် ခြောက်မှတ်အသာဖြင့် ဦးဆောင်နေသော မန်ယူတို့သည် အိမ်ကွင်း၌ အက်စ်တွန်ဗီလာအသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရလိုက်၍ ရရှိထားသော ရမှတ်ခြောက်မှတ် ဆက်လက် ထိန်းထားနိုင်ခဲ့သည်။ မန်ယူတို့ အိမ်ကွင်းအသာဖြင့် ကစားခဲ့ရ၍ ပွဲအစတွင်ပင် အက်စ် တွန်ဗီလာအသင်းကို ဖိကစားခဲ့ရာ ပွဲချိန် ၁၁ မိနစ်တွင် တိုက်စစ်မှူး ပတ်ဂျီဆန်က မြေလိမ့်သော ကန်သွင်းယူခဲ့သည်။ ယင်းဂိုးသွင်းပြီး နှစ်မိနစ်အကြာ မိုက်ကယ်ကာရစ်က မန်ယူအသင်းအတွက် ပထမဆုံးဂိုးအဖြစ် သွင်းယူပေးနိုင်ခဲ့သည်။ မိုက်ကယ်ကာရစ်သည် ပထမပိုင်း ပွဲပြီးရန် ၁၀ မိနစ်အလိုတွင် အက်စ်တွန်ဗီလာ ဂိုးရှေ့သို့ ခုတ်တင်ပေးလိုက်ရာ တောင်ပံကစားသမား စီရိုနယ်ဒိုက ခေါင်းဖြင့် ဝင်တိုက် သွင်းယူလိုက်ပြန်သည်။

မန်ယူတို့ အိမ်ကွင်း၌ ပထမပိုင်းအပြီး အက်စ်တွန်ဗီလာအသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်း ပြန်စချိန်တွင် အက်စ်တွန်ဗီလာအသင်းက ချေပဂိုးများ သွင်းယူရေး တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် ၅၂ မိနစ်တွင် အက်ဘွန်လာဟော်က ချေပဂိုးသွင်းယူနိုင်ခဲ့သည်။ အက်စ်တွန်ဗီလာတို့ နောက်ထပ် ချေပဂိုးများသွင်းယူရန် ကြိုးစားသော်လည်း မန်ယူ၏ ခံစစ်ကို မထိုးဖောက်နိုင်ခဲ့၍ ပွဲအပြီး သုံးဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ယင်းပွဲတွင် အက်ဖ်အေပြိုင်ပွဲ၌ မန်ယူအတွက် ဂိုးသွင်းယူပေးခဲ့သော လာဆင်သည် ပထမဆုံးသော ပရီမီယာလိဂ်ပြိုင်ပွဲအဖြစ် ပါဝင်ကစားသွားခဲ့သည်။ မန်ချက်စတာယူနိုက်တက်အသင်းသည် ယင်းပွဲအနိုင်ရလိုက်၍ ၂၃ ပွဲကစား၊ ၁၈ ပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံးဖြင့် ရမှတ် ၅၇ မှတ်ရရှိကာ အမှတ်ပေးဇယားတွင် ခြောက်မှတ်အသာရပြီး ဆက်လက်ဦးဆောင်လျက်ရှိသည်။

မန်ယူအတွက် တတိယမြောက်ဂိုးကို စီရိုနယ်ဒိုက အက်စ်တွန်ဗီလာ ဂိုးအတွင်းသို့ ဤသို့ ခေါင်းတိုက်သွင်းယူပေးခဲ့သည်။
(ဓာတ်ပုံ–အင်တာနက်)

ချယ်လ်ဆီး–ဝီဂန်

မန်ယူကဲ့သို့ အိမ်ကွင်းကစားခဲ့ရသော ချယ်လ်ဆီးအသင်းသည် ဝီဂန်အသင်းကို လေးဂိုး–ဂိုးမရှိသွင်းပြီး မန်ယူနောက်သို့ အမီလိုက်ရန် ကြိုးစားခဲ့သည်။ ချယ်လ်ဆီးတို့ ပွဲစသည်နှင့် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲစပြီး ပွဲချိန် ၁၃မိနစ်တွင် လမ်းပတ်က တည်ကန်ဘောမှတစ်ဆင့် သွင်းယူပေးခဲ့သည်။ ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုအသင်းမှ ထွက်ခွာလိမ့်မည်ဟု ကောလာဟလသတင်းများ ထွက်နေသော်လည်း ချယ်လ်ဆီးကစားသမားများ စုစည်းညီညွတ်သော စိတ်ဓာတ်ကို ယင်းပွဲ၌ ပြသနိုင်ခဲ့သည်။

ဒုတိယပိုင်း ပြန်စချိန်တွင် ချယ်လ်ဆီးတို့ ထပ်ဆင့်ဂိုးများ သွင်းယူရန် အမှန်ကန်ဆုံး ယှဉ်ပြိုင်ကစားခဲ့ရာ အာဂျင်ရော့ဘင်က ချယ်လ်ဆီးအတွက် ဒုတိယမြောက် ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ချယ်လ်ဆီး အသင်းအတွက် တတိယဂိုးကို ဝီဂန်အသင်းမှ ကက်လင်းက ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိပြီး လက်ဆောင်ဂိုး ပေးခဲ့သည်။

ချယ်လ်ဆီးတို့ သုံးဂိုးသွင်းထားပြီးဖြစ်၍ တိုက်စစ်အရှိန်အားကောင်းလာကာ တိုက်စစ်မှူး ဒရော့ဘာက ပွဲချိန် မိနစ် ၉၀ ပြည့်ချိန်တွင် စတုတ္ထမြောက်ဂိုးနှင့် ပွဲသိမ်းဂိုးအဖြစ် ခေါင်းတိုက်ဂိုးသွင်းယူပေးခဲ့သည်။

ချယ်လ်ဆီးတို့ လွန်ခဲ့သော သုံးပွဲက ပရီမီယာလိဂ်တွင် သရေပွဲများဖြင့် ပွဲသိမ်းခဲ့ရမှုကို ယခုပွဲစဉ် (၂၃)တွင် အဆုံးသတ်ကာ နိုင်ပွဲပြန်စနိုင်ခဲ့ပြီဖြစ်သည်။ ယင်းပွဲ ချယ်လ်ဆီးတို့အနိုင်ရခဲ့၍ ရမှတ် ၅၁ မှတ်ဖြင့် မန်ယူနောက်မှ ခြောက်မှတ်ကွာ၍ ဆက်လိုက်နေရမြဲဖြစ်သည်။

အခြားပွဲရလဒ်များ

ဘော်လ်တန်	**၀–၀**	**မန်စီးတီး**
ချာလ်တန်	**၁–၃**	**မစ်ဒယ်ဘာရော့**
ရက်ဖီး	**၁–၁**	**ပို့စ်မောက်**
ဝက်စ်ဟမ်း	**၃–၃**	**ဖူလ်ဟမ်။**

(အင်တာနက်)

အင်ဒိုနီးရှားနိုင်၊ စင်ကာပူနှင့် ဗီယက်နမ် သရေကျ မြန်မာ–မလေးရှား၊ ထိုင်း–ဖိလစ်ပိုင် ယနေ့ယှဉ်ပြိုင်မည်

ရန်ကုန် ဇန်နဝါရီ ၁၃

အာဆီယံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇ ခုနှစ် အာဆီယံချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ (ASEAN Football Championship 2007) အုပ်စု(ခ) ပွဲစဉ်များကို ယနေ့ညနေပိုင်းက စင်ကာပူနိုင်ငံ၌ စတင်ယှဉ်ပြိုင်ကစားရာ ပထမပွဲစဉ်၌ အင်ဒိုနီးရှားအသင်းက လာအိုအသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဒုတိယပွဲစဉ်၌ အိမ်ရှင် စင်ကာပူအသင်းနှင့် ဗီယက်နမ်အသင်းတို့ ဂိုးမရှိ သရေပွဲဖြစ်သွားသည်။

အုပ်စု(ခ)တွင် အင်ဒိုနီးရှားအသင်းက တစ်ပွဲနိုင် သုံးမှတ်ဖြင့် ဦးဆောင်လျက်ရှိပြီး စင်ကာပူအသင်းနှင့် ဗီယက်နမ်အသင်းတို့ တစ်ပွဲသရေ တစ်မှတ်စီ ရရှိထားကြသည်။ လာအိုအသင်းက တစ်ပွဲရှုံး အမှတ်မရသေးချေ။

ယနေ့ပွဲ

ဇန်နဝါရီ ၁၄ ရက် **(ယနေ့)** တွင် အုပ်စု(က)ပွဲစဉ်များကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဆက်လက်ကျင်းပမည်ဖြစ်ရာ ပထမပွဲအဖြစ် မြန်မာစံတော်ချိန် ညနေ ၄ နာရီတွင် **မလေးရှားအသင်းနှင့် မြန်မာအသင်း**၊ ဒုတိယပွဲစဉ်အဖြစ် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ထိုင်းအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ဇန်နဝါရီ ၈ ရက်က ရန်ကင်းမြို့နယ် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် ဘက်စုံထူးချွန်ဆု၊ ပညာရည်ချွန် ပထမဆု ငါးနှစ်ဆက်တိုက်ရရှိသော အဋ္ဌမတန်းကျောင်းသူ မအိမ့်သံသာဟန်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာအောင်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က–ပ)

မဟာဝိဇယစေတီဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၃

မဟာဝိဇယစေတီတော်မြတ်ကြီး၏ (၂၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို တပို့တွဲလဆန်း ၁၄ ရက် (ဇန်နဝါရီ ၃၁ရက်)မှ တပို့တွဲလပြည့်ကျော်၁ရက် (ဖေဖော်ဝါရီ ၂ရက်) အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ကပ်လှူပူဇော်

တပို့တွဲလပြည့်နေ့ (ဖေဖော်ဝါရီ ၁ရက်) နံနက်တွင် စေတီတော်မြတ်ကြီးအား ပန်းမျိုးစုံ၊ သစ်သီးမျိုးစုံနှင့် မုန့်မျိုးစုံတို့ဖြင့် ဆွမ်းတော်ကြီး ကပ်လှူပူဇော်မည်ဖြစ်ပြီး တပို့တွဲလပြည့်ကျော် ၁ရက် (ဖေဖော်ဝါရီ ၂ရက်) နံနက် ၅နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများနှင့် စေတီတော်ကြီးဂေါပကအဖွဲ့၏ဩဝါဒါစရိယ ဆရာတော်ကြီးများက စေတီတော်မြတ်ကြီးကို ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ ကျင်းပမည်ဖြစ်သည်။

အဆိုပါပွဲတော်ကာလတွင် ညစဉ် စေတီတော်မြတ်ကြီးကို ဆီမီး ၅၀၀၀ ထွန်းညှိပူဇော်၍ နိုင်ငံကျော် မဟာဓမ္မကထိက ဆရာတော်ကြီးများက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဓမ္မရက္ခိတဓမ္မာရုံကြီး၌ ညစဉ် ဟောကြားမည်ဖြစ်ပြီး နေ့စဉ်နံနက် ၆နာရီမှ ညနေ ၆နာရီအထိ ဝတ်အသင်း ၂၃သင်းတို့က ပရိတ်တရားတော်များနှင့် ဗုဒ္ဓဒေသနာတော်များကို ရွတ်ဖတ်ပူဇော်ကြမည် ဖြစ်သည်။

ထမနဲထိုးပြိုင်ပွဲ

တပို့တွဲလပြည့်ကျော်၁ရက် နံနက်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့၏ ဩဝါဒါဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များကို အရဏ်ဆွမ်းများဆက်ကပ်လှူဒါန်း၍ တပို့တွဲလပြည့်ကျော် ၁ရက် နံနက် ၈နာရီတွင် ဘုရားအမှူးပြုသော သံဃာတော်များကို ဆွမ်းဆန်စိမ်းများ လောင်းလှူမည်ဖြစ်ပြီး မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၁၁ ရက်က အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့် လော့ကား ဓာတ်အားပေးစက်ရုံတွင် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ ဆက်သွယ်ဆောင်ရွက်ထားသည့်ရုပ်ပုံကားချပ်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းကျောဖုံး) (သတင်းစဉ်)

အိန္ဒိယ နိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း မူလကျောင်းဟောင်း အ နောက် ဘက် တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက် အအုံများ ဆောက် လုပ်ရန် အတွက် ရန်ကုန်မြို့ အလုံမြို့နယ် ဂဠုန်ရပ်ကွက် ဆင်လမ်း အမှတ် ၁၁ အခန်း ၇/အေ နေ (ဦးထွန်းကြည်)အား ရည်စူး၍ ဒေါ်ညွန့်ရင်၏ (၆၉)နှစ်ပြည့်မြောက် မွေးနေ့မင်္ဂလာအထိမ်းအမှတ် သား၊ သမီးမိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့် ဘေးလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း နာယက အကျိုးတော်ဆောင်ဆရာတော် အောင်တော်မူ အမှုဆောင်ဆရာတော် အရှင်စန္ဒန(ဓမ္မာစရိယ) ပြည်တော်သာထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသဖွံ့ဖြိုးရေး ညွှန်ချုပ် ကွင်းဆင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) "ဝ"ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေးရန် ဇန်နဝါရီ ၆ ရက် မွန်းလွဲပိုင်းက တန့်ယန်း၊ ပန်ဆန်းလမ်း ကတ္တရာခင်းခြင်း (နမ့်မလင်းဆူလမ်းပိုင်း) လုပ်ငန်းခွင်သို့ ရောက်ရှိသည်။ နမ့်မလင်းဆူလမ်းစခန်းတွင် စီမံကိန်းညွှန်ကြားရေးမှူး၊ တာဝန်ခံအင်ဂျင်နီယာနှင့် လမ်းလုပ်ငန်းတာဝန်ခံတို့က နှစ်အလိုက် လမ်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ယခုနှစ် ပွင့်လင်းရာသီလုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရန် လျာထားချက်များ၊ လုပ်ငန်း (ပန်ဆန်း)တည်ဆောက်ရေးလုပ်ငန်းများအား လိုက်လံစစ်ဆေးသည်။

မုံးအာတံတား

ဇန်နဝါရီ ၈ရက် နံနက်ပိုင်းတွင် ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များသည် "ဝ"ဒေသမှ တာဝန်ရှိသူများ လိုက်ပါလျက် မုံးအာတံတားတည်ဆောက်နေမှု အခြေအနေ၊ ပန်ဆန်းဘုန်းကြီးကျောင်း တည်ဆောက်ပြီးစီးနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး နားလော့တွင် ယာယီဖွင့်လှစ် ထားသည့်နယ်စပ်ဒေသ တိုင်းရင်း သားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်းသို့ ရောက်

မန်မန်ဆိုင်မှ တစ်ဆင့် တာကော်အက်–မိုင်ပတ်–ပန်ဆန်းလမ်းကတ္တရာခင်းခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိသည်။ ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် ပန်ကော်ကျေးရွာအနီး မိုးရာသီကာလ လမ်းပျက်စီးမှုများ ပြန်လည်ပြုပြင်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဝိန်းကောင်

ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းတွင် ဝိန်းကောင်မြို့တွင်းလမ်း ကတ္တရာခင်းမှုအခြေအနေ၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောက်လုပ်ထားသော ဝိန်းကောင်ဘုန်းကြီး ကျောင်းဆွမ်းစားဆောင် ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး နေ့လယ်ပိုင်းတွင် မိုင်းပတ်–လိုအပ်ချက်များအားတင်ပြရာ တင်ပြချက်များအပေါ် ညွှန်ကြားရေးမှူးချုပ်က ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းပေးသည်။

ညနေပိုင်းတွင် ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များသည် ပန်ဆန်းမြို့သို့ ရောက်ရှိပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားရှိသည့် နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များ စက်မှုလက်မှုသင်တန်းကျောင်း မြေနေရာနှင့် နယ်လှည့်ဒေသဖွံ့ဖြိုး မှုကြီးကြပ်ရေးရုံး ရှိသည်။ ယာယီ သင်တန်းကျောင်းတွင် နည်းပြများ၊ သင်တန်းသားများနှင့် တွေ့ဆုံ၍ ဘာသာရပ်သင်ကြားလေ့လာနေမှုအခြေအနေ၊ သင်ကြားမှုဆိုင်ရာ အခက်အခဲများကို ဆွေးနွေးမှာကြားသည်။ နေ့လယ်ပိုင်းတွင် ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များသည် မိုင်းပတ်–ပန်ဆန်း ကားလမ်းကတ္တရာခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေး၍ နမ့်မလင်းဆူ ကျောက်မိုင်းသို့ ရောက်ရှိပြီး ကျောက်ထုတ်လုပ်မှု၊ ကျောက်ကြိတ်ခွဲမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)(သတင်းစဉ်)**

ပြင်ဦးလွင်ခရိုင်ပြန်ကြားရေးသို့ ရောင်စုံပရင်တာလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၃

ပြင်ဦးလွင်မြို့နယ် ခရိုင်ပြန်ကြားရေးသို့ Colour Printer တစ်လုံး လှူဒါန်းပွဲကို ဒီဇင်ဘာ ၁၃ ရက်က ခရိုင်ပြန်ကြားရေးရုံး၌ ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးချစ်မောင်၊ မြို့နယ်ဦးစီးမှူး ဒေါ်နုနုအေးနှင့်အဖွဲ့ဝင်များ၊ အလှူရှင် စိုးစံ လေ့ကျင့်ရေးစခန်း ပြင်ဦးလွင်မှ ဗိုလ်မှူးမောင်လတ်(ငြိမ်း)–ဒေါ်နန်းယဉ်ယဉ် (စိုးစံဘော်ဒါ) မိသားစုတို့ တက်ရောက်ကြသည်။

ဂုဏ်ပြုလွှာပေးအပ်

ရေးဦးစွာ အလှူရှင် ဗိုလ်မှူးမောင်လတ်(ငြိမ်း)က လှူဒါန်းရခြင်း အကြောင်းရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးအရာရှိမှ ပြန်ကြားရေးရုံးအတွက် လိုအပ်လျက်ရှိသော Colour Printer တစ်လုံးအား လွှဲပြောင်းပေးရာ ခရိုင်ဦးစီးအရာရှိက ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။ **(ဝဲပုံ) (သတင်းစဉ်)**

မော်လမြိုင် အဘယသုတာရာမ စာသင်တိုက် ကျောင်းဆောင်သစ်ဆောက်လုပ်ရေး အလှူငွေပေးအပ်

ရန်ကုန် ဇန်နဝါရီ ၁၃

မွန်ပြည်နယ် မော်လမြိုင်မြို့ ဖက်တန်းနယ်မြေ ဒေါ်လန်းရပ်ကွက်ရှိ အဘယသုတာရာမ စာသင်တိုက်ပရိဝုဏ်၌ ငွေကျပ်သိန်း ၉၀၀ကျော် အကုန်အကျခံ တည်ဆောက်ဆဲဖြစ်သည့် လေးထပ်ကျောင်းဆောင်သစ်အတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၃၀ရက်က အဆိုပါ စာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သံဃနာယကအဖွဲ့အတွင်းရေးမှူး အဘယသုတာရာမ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တ သာသနထံမှ ပရိသတ်များက ရှစ်ပါးသီလခံယူ ဆောက်တည်ကြသည်။ ထို့နောက် ဒေါ်ကွေ့မိသားစုနှင့် ဦးစိုးသန်း–ဒေါ်မြင့်မြင့်ခိုင်မိသားစုတို့က ငွေကျပ်ငါးသိန်းစီ၊ ကိုခင်လှ–မမို့မို့ဝင်း မိသားစုက ငွေကျပ်တစ်သိန်းခြောက်သောင်း၊ ပခုက္ကူမြို့နေ ဒေါ်လှဆင့် မိသားစုက ငွေကျပ် သုံးသိန်း၊ မော်လမြိုင်မြို့နေ မချိုချိုမာ မိသားစုက ငွေကျပ် ငါးသိန်း တစ်သောင်း၊ ကျော်ကြားဆောက်လုပ်ရေး မိသားစုရောင်းဝယ်ရေး အေးဝမ်းဘီတူး အထည်ဆိုင် မိသားစုနှင့် ဦးစိန်ရွှေ–ဒေါ်သန်းစိန် မိသားစုတို့က ငွေကျပ် ငါးသိန်းစီ၊ ဦးမောင်ငယ် သမီး ဒေါ်သန်းသန်း မိသားစုနှင့် ဒေါ်မြသိန်း–ဒေါ်လှသိန်း မိသားစုတို့က ငွေကျပ်လေးသိန်းစီ၊ ဦးဝေါင်ယူကောင်း– ဒေါ်ထွေးကြည် မိသားစုတို့က နှစ်သိန်းနှစ်သောင်း၊ ဦးသက်တင်–ဒေါ်ကြည် မိသားစုက ငွေကျပ် နှစ်သိန်း တစ်သောင်း၊ မရှုရီ(ခ)မမိငယ် မိသားစုနှင့် ဒေါ်သန်းသန်းမြင့် မိသားစုတို့က ငွေကျပ်နှစ်သိန်းစီ၊ ဒေါ်ခင်မြိုင် မိသားစုက ငွေကျပ်တစ်သိန်း ခြောက်သောင်းနှင့်ငွေကျပ်တစ်သိန်း အလှူရှင် ၃၃ ဦး စုစုပေါင်း အလှူငွေကျပ် ရှစ်ဆယ့်ခုနစ်သိန်း ခြောက်သောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ လေးထပ်ကျောင်းဆောင်သစ် ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်အောင်နှင့်အဖွဲ့ဝင် ဦးငြိမ်းမောင်တို့က လက်ခံကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗဟန်းမြို့နယ် ရွှေတောင်ကြား (၂) ရွှေတောင်ကုန်းရိပ်သာလမ်း အမှတ်(၄၁/၁၁)ဒီနေ ဒေါ်ခင်သန္တာရီနှင့်မိသားစုက အဖေကြီးဦးလှထွန်းအား ရည်စူး၍ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင် လူကြီး ဦးညဏ်စိုးမိုး လက်ခံစဉ်။ (က–ပ)

ဇန်နဝါရီ ၆ရက်က မြောက်ဥက္ကလာပမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၇ခု ပညာရေးစုံညီပွဲတော် ၂၀၀၅–၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ ခြောက်ဘာသာ ဂုဏ်ထူးရှင် မဖြူဖြူသန့်အား ကျောင်းအုပ်ကြီးဒေါ်တင်ငွေက ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေချီးမြှင့်စဉ်။ (က–ပ)

ကမ္ဘာတစ်လွှား အားကစား

ကမ္ဘာ့ အကောင်းဆုံးဘောလုံးသမားအဖြစ် ခြေစွမ်းပြလာသော မန်ယူမှ စီရိုနယ်ဒို

ကိုးကားတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် ဇန်နဝါရီ ၁၃

မန်ချက်စတာယူနိုက်တက်အသင်း၏ တောင်ပံကစားသမား စီရိုနယ်ဒိုသည် ပရီမီယာလိဂ်တွင် ခြေစွမ်းပြ ဂိုးများသွင်းယူလာနိုင်မှုကြောင့် ကမ္ဘာ့ဘောလုံး ပရိသတ်များအကြား ထင်ပေါ်ကျော်ကြား ကောင်းသတင်းများ မွေးပျံ့ခဲ့သည်။

အက်ဖ်အေဖလားပြိုင်ပွဲတွင် အဲဗာတန်အသင်းအား အနိုင်ရပြီး အောင်ပွဲခံနေသော စီရိုနယ်ဒို။ (ဓာတ်ပုံ-အင်တာနက်)

စီရိုနယ်ဒိုအား ပေါ်တူဂီနိုင်ငံ မာဒရီးယားကျွန်းတွင် ၁၉၈၅ခုနှစ် ဖေဖော်ဝါရီ ၅ရက်က မွေးဖွားခဲ့သည်။ ၎င်းသည် ပေါ်တူဂီနိုင်ငံ၏ စပို့တင်း လစ္စဘွန်းအသင်းမှ မန်ယူသို့ ပေါင် ၁၂သန်းဖြင့် ပြောင်းရွှေ့လာသူ ဖြစ်သည်။

စီရိုနယ်ဒိုသည် ပေါ်တူဂီအသင်း၏ အဓိကမဏ္ဍိုင်ကစားသမားလည်း ဖြစ်သည်။ ပေါ်တူဂီအသင်းတွင် ပွဲပေါင်း ၄၄ပွဲ ပါဝင်ကစားခဲ့ရာ ၁၅ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ၎င်းသည် စုစုပေါင်း ကလပ်ပွဲပေါင်း ၁၈၉ပွဲ ပါဝင်ကစားခဲ့ရာ ဂိုးပေါင်း ၄၁ ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

တောင်ပံကစားသမား စီရိုနယ်ဒိုသည် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် ပွဲစဉ်ပေါင်း ၂၃ ပွဲ ပါဝင်ကစားခဲ့ရာ၌ ၁၃ဂိုး သွင်းယူပေးနိုင်ခဲ့ပြီဖြစ်သည်။

ချယ်လ်ဆီးအသင်းမှ ဒရော့ဘာက ပရီမီယာလိဂ်တွင် ဂိုးအများဆုံးဖြင့် ၁၄ ဂိုး သွင်းယူထားသည်။

၂၀၀၆ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ပေါ်တူဂီ တောင်ပံကစားသမား စီရိုနယ်ဒိုသည် ပေါ်တူဂီအသင်းအား အကြိုဗိုလ်လုပွဲသို့ရောက်အောင်အဓိကစွမ်းဆောင်ပေးခဲ့၍ ဖီဖာ၏ အကောင်းဆုံး လူငယ်ဘောလုံးသမားဆုဆွတ်ခူးရန် ရေပန်းစားခဲ့သည်။ သို့သော်လည်း အိမ်ရှင်ဂျာမနီအသင်းအား ဦးစားပေးသည့်အနေဖြင့် ပိုဒေါစကီးအား ယင်းဆုကို ချီးမြှင့်ပေးအပ်ခဲ့သည်။

ထိုအချိန်က စီရိုနယ်ဒိုသည် ပေါ်တူဂီအသင်း အောင်နိုင်ရေးအတွက် အထူးခြေစွမ်းပြ ကစားခဲ့သူဖြစ်သည်။ သို့သော်လည်း ကွာတားဖိုင်နယ်တွင် မန်ယူ တစ်သင်းတည်းသား ရွန်နေအား အင်္ဂလန်အသင်းမှ အနီကတ်ဖြင့် ထွက်သွားအောင်ကြိုးစားခဲ့မှုကြောင့် အင်္ဂလန်ဘောလုံး ပရိသတ်၏ အမုန်းပွားခြင်း ခံခဲ့ရသည်။

၂၀၀၆ ခုနှစ် ဒီဇင်ဘာလအတွက် အကောင်းဆုံးဘောလုံးသမားဆုနှင့်အတူ စီရိုနယ်ဒိုအား ဤသို့တွေ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ဖလား ကန့်လန့်ကာအချ၊ ပရီမီယာလိဂ်အစတွင် စီရိုနယ်ဒိုအား မန်ယူက ပြန်ခေါ်ရေးအတွက် သို့လော သို့လော ဖြစ်ခဲ့ရသည်။ သို့သော်လည်း မန်ယူအသင်း မန်နေဂျာ ဆာအလက်ဇ် ဖာဂူဆန်၏ ဆုံးဖြတ်ချက်မှန်ကန်မှုကြောင့် စီရိုနယ်ဒို အိုးထရက်ဖို့ဒ်သို့ ပြန်လာနိုင်ခဲ့သည်။

ပရီမီယာလိဂ်အစတွင် ရွန်နေနှင့် စီရိုနယ်ဒိုတို့၏ ဆက်ဆံရေးမှာ အကောင်းကြီး မဟုတ်သော်လည်း ကမ္ဘာ့ဖလား၌ ဖြစ်ပျက်ခဲ့လေသမျှ ခဝါချကာ မန်ယူအသင်းကြီး အောင်နိုင်ရေးအတွက် သူတို့နှစ်ဦး လက်တွဲခဲ့ကြသည်။

စီရိုနယ်ဒိုသည် မန်ယူ၏ ပရီမီယာလိဂ်ပွဲတိုင်းတွင် တိုက်စစ်အရှိန်ကို ဖွင့်ပေးနိုင်ခဲ့၍ မန်ယူတို့ တစ်ပွဲပြီးတစ်ပွဲ အောင်ပွဲဆင်နိုင်ခဲ့သလို မန်ယူပရိသတ်၏ အမုန်းခံဘဝမှ လွတ်မြောက်ကာ အကောင်းဆုံး ဘောလုံးသမားအဖြစ် သတ်မှတ်လာကြသည်။ ထိုသို့ ခြေစွမ်းပြဂိုးများ ဆက်တိုက်သွင်းယူလာမှု ကြောင့်လည်း စီရိုနယ်ဒိုသည် နိုဝင်ဘာလတွင် ပရီမီယာလိဂ်၏ အကောင်းဆုံးဘောလုံးသမားဆုကို ဆွတ်ခူးနိုင်ခဲ့ သည်။ အသက် ၂၁နှစ်ရှိပြီဖြစ်သော စီရိုနယ်ဒိုသည် ထိုလက မန်ယူအသင်းအား ရှုံးပွဲမရှိဆက်ထိန်းနိုင်ရေးနှင့် အမှတ်ပေး ဇယားထိပ်ဆုံးနေရာ တည်မြဲရေးအတွက် အထူးကြိုးစားခဲ့သူဖြစ်သည်။

ပထမဆုံးအကြိမ်ဆွတ်ခူး

၂၀၀၆ ခုနှစ် နိုဝင်ဘာလအတွင်း ၎င်းသည် မန်ယူက ပို့စ်မောက်ကို သုံးဂိုး-ဂိုး မရှိဖြင့် အနိုင်ရရှိရာတွင် လည်းကောင်း၊ အဲဗာတန်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိရာတွင်လည်းကောင်း တည်ကန်ဘောများဖြင့် ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ စီရိုနယ်ဒိုသည် ယင်းဆုကို ပထမဆုံးအကြိမ် ဆွတ်ခူးလိုက်ခြင်း ဖြစ်သည်။

နိုင်ငံတကာပွဲများနှင့်လိဂ်ပွဲများ၌ ခြေစွမ်းပြလာသော စီရိုနယ်ဒိုသည် မကြာမီက ၂၀၀၆ခုနှစ်အတွက် ပေါ်တူဂီ အကောင်းဆုံး ဘောလုံးသမားဆုကိုလည်း ဆွတ်ခူးနိုင်ခဲ့ပြီ ဖြစ်သည်။ ၎င်းသည် ပေါ်တူဂီအသင်းအတွက် အနိုင်ပွဲ ၃၆ပွဲ ကစားပေးနိုင်ခဲ့ပြီဖြစ်သည်။

ထိုဆုဆွတ်ခူးနိုင်၍လည်း အလွန်ပင် ဝမ်းသာပီတိဖြစ်မိကြောင်း၊ ၂၀၀၇ခုနှစ်တွင်လည်း ယင်းကဲ့သို့ဆုများ ဆွတ်ခူးနိုင်ရေး ဆက်လက်ကြိုးစား သွားမည်ဖြစ်ကြောင်း စီရိုနယ်ဒိုက ဆိုသည်။

နှစ်ကြိမ်မြောက်ဆွတ်ခူး

ဤသို့ ဂုဏ်သတင်းများ ကျော်ကြားလာသော စီရိုနယ်ဒိုသည် ဒီဇင်ဘာလအတွက် ပရီမီယာလိဂ်အကောင်းဆုံးဘောလုံးသမားဆုကို ဆွတ်ခူးခဲ့ပြန်ပြီ ဖြစ်သည်။ ၎င်းသည် ပရီမီယာလိဂ်တွင် လအလိုက်အကောင်းဆုံးဘောလုံးသမားဆု နှစ်ကြိမ်ရ တတိယမြောက် ဘောလုံးသမားလည်း ဖြစ်လာသည်။ ယင်းကဲ့သို့ရရှိမှုကို ဒင်းနစ်ဘားကင်က (၁၉၉၇) ခုနှစ်တွင် လည်းကောင်း၊ ရော်ဘီဖောင်လာက (၁၉၉၅၊ ၁၉၉၆) ခုနှစ်တွင်လည်းကောင်း နှစ်ကြိမ်ဆွတ်ခူးခဲ့သည်။

စီရိုနယ်ဒိုသည် ဒီဇင်ဘာလအတွင်း ခြောက်ပွဲကစားရာတွင် ခုနစ်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ စီရိုနယ်ဒိုသည် ထိုသို့ အကောင်းဆုံးဆုများ ဆွတ်ခူးလာခြင်းနှင့်အတူ မန်ယူ၏ ဝါရင့်ကစားသမားကြီး ပေါလ်စခိုးလ်ကလည်း ကမ္ဘာတွင် အကောင်းဆုံး ဘောလုံးသမားဖြစ်ကြောင်း သူ၏ကစားဖော် စီရိုနယ်ဒိုအား ဇန်နဝါရီ ၁၂ရက်က ချီးကျူးပြောကြားခဲ့သည်ကို အင်တာနက်သတင်းတစ်ရပ်တွင်တွေ့လိုက်ရပေသည်။ ။ **(ကိုးကား-အင်တာနက်သတင်းများ)**

လာဆင် မန်ယူ၌ ဆက်လက်ပါဝင်ကစားရေး မစဉ်းစားရသေးကြောင်း ဖာဂူဆန်ပြောကြား

လန်ဒန် ဇန်နဝါရီ ၁၃

မန်ချက်စတာယူနိုက်တက် အသင်းမှ သုံးလအငှား စာချုပ်ဖြင့် ခေါ်ယူထားသော ဆွီဒင်တိုက်စစ်မှူး ဟင်နရစ် လာဆင်အား သက်တမ်းတိုး စာချုပ်ချုပ်ဆို ခေါ်ယူရေး အတွက် မစဉ်းစားရသေးကြောင်း မန်ယူနည်းပြ ဖာဂူဆန်က ပြောကြားလိုက်သည်။



မန်ယူ တိုက်စစ်မှူး လာဆင်။ (ဓာတ်ပုံ-အင်တာနက်)

အသက်(၃၅)နှစ်အရွယ်ရှိ လာဆင်သည် မန်ယူ အသင်းသို့ ရောက်ရှိပြီး ပထမဆုံး စတင်ကစားသည့် အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲအဖြစ် အက်စတွန်ဗီလာ အသင်းနှင့် ကစားသည့်ပွဲတွင် ခြေစွမ်းပြကစားနိုင်ခဲ့ပြီး ဂိုးသွင်းနိုင်ခဲ့သလို ကစားဖော်များ ဂိုးသွင်းခွင့်ရအောင်လည်း ဖန်တီးပေးနိုင်ခဲ့သည်။

ဆက်လက်ကစား

လာဆင်အနေဖြင့် မတ်လအထိ မန်ယူတွင်ရှိနေမည် ဖြစ်ပြီး နောက်ပိုင်း အချိန်ကာလများ၌ ဆက်လက်ကစားရေး၊ မရှိရေးကို မိမိ မစဉ်းစားရသေးကြောင်း၊ ယင်းကိစ္စကို ယခုချက်ချင်း မဆုံးဖြတ်သေးကြောင်း မန်ယူနည်းပြ ဖာဂူဆန်က ပြောကြားသည်။

လာဆင် မန်ယူတွင် ဆက်လက်ကစားရေးအတွက် မိမိတို့မည်သို့မျှ ဟန့်တားမည်မဟုတ်ကြောင်း၊ ဆွေးနွေးမှုများ လုပ်နိုင်ကြောင်း ဟယ်ဆင်ဘတ်အသင်းဥက္ကဋ္ဌ စတင်အင်ဘီဖရီဒင်က ပြောကြားခဲ့သည်။ **(အင်တာနက်)**

ရေးသားတင်ပြသူ မောင်မောင်မြင့်ဆွေ

ဆဲလ်တစ်မှ သွမ်ပဆင် လိဒ်အသင်းသို့ ပြောင်းရွှေ့မည်

လန်ဒန် ဇန်နဝါရီ ၁၃

ဆဲလ်တစ် ကွင်းလယ်ကစားသမား အလန်သွမ်ပဆင်သည် လိဒ်အသင်းသို့ ပြောင်းရွှေ့ကစားရန် စာချုပ်ချုပ်ဆိုရေး အားလုံး အဆင်သင့် ဖြစ်နေပြီဖြစ်ကြောင်း လိဒ်အသင်းမှ ပြောကြားသည်။



လိဒ်အသင်းသို့ ပြောင်းရွှေ့မည့် သွမ်မဆင်။ (ဓာတ်ပုံ-အင်တာနက်)

အသက်(၃၃)နှစ်အရွယ်ရှိ သွမ်ပဆင်သည် ဆေးစစ်မှုများလည်း အားလုံး ပြီးစီးခဲ့ပြီဖြစ်ရာ စာချုပ် လက်မှတ် ရေးထိုးရန်အတွက်သာ ကျန်ရှိနေကြောင်း မကြာမီ အပြီး သတ်စာချုပ် ချုပ်ဆိုနိုင်တော့မည်ဖြစ်ကြောင်း ပြောကြားသည်။

သွမ်ပဆင်သည် ဆဲလ်တစ်အသင်း အတွက် ပွဲပေါင်း ၂၀၀ကျော် ကစားပေးခဲ့ပြီး ၅၁ဂိုး သွင်းယူပေးနိုင်ခဲ့သူ တစ်ဦး လည်းဖြစ်သည်။ ကွင်းလယ်ကစားသမား တစ်ဦးအဖြစ် ခြေစွမ်းပြ ကစားနိုင်ခဲ့သူလည်း ဖြစ်သည်။

ပြောကြား

ဇန်နဝါရီလ အပြောင်းအရွှေ့ကာလအတွင်း လိဒ်အသင်းအနေဖြင့် ကစားသမားအသစ်ခြောက်ဦးကို ခေါ်ယူနိုင်ခဲ့ကြောင်း လိဒ်နည်းပြ ဒင်းနစ်ဝိစီက ပြောကြားသည်။

ခေါ်ယူ

လိဒ်ယူနိုက်တက်အသင်းမှ ခေါ်ယူလိုက်သော ကစားသမားခြောက်ဦးမှာ ကင်ဒေါလ်၊ မက်ဟက်၊ ရိုဘီ၊ အီလ်လော့တ်၊အာမင်ဒိုဆာနှင့် အင်ဒရီဖလိုး တို့ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ဆောက်သမ်ပတန်အသင်းသို့ ပြောင်းရွှေ့မည့် ဂျမ်ဘာဂျမ်ဘာ။ (ဓာတ်ပုံ-အင်တာနက်)

ကင်မရွန်း ကွင်းလယ်ကစားသမား ဆောက်သမ်ပတန်သို့ ပြောင်းမည်

လန်ဒန် ဇန်နဝါရီ ၁၃

အက်စတွန်ဗီလာအသင်းတွင် ပုံမှန်ကစားခွင့် မရရှိသဖြင့် စိတ်ပျက်နေသော ဂျမ်ဘာဂျမ်ဘာသည် ဆောက်သမ်ပတန်အသင်းသို့ ပြောင်းရွှေ့ကစားတော့မည် ဖြစ်ကြောင်း သိရသည်။

ပြောင်းရွှေ့ခဲ့သူ

အသက်(၂၅)နှစ်အရွယ်ရှိ ကင်မရွန်း ကွင်းလယ်ကစားသမား အီးရစ် ဂျမ်ဘာဂျမ်ဘာသည် ယခုနှစ် ဘောလုံးရာသီမကုန်မီ ဆောက်သမ်ပတန် အသင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်ပြီး စာချုပ်လက်မှတ်လည်း ရေးထိုးခဲ့ပြီး ဖြစ်သည်။

ဂျမ်ဘာဂျမ်ဘာသည်၂၀၀၅ခုနှစ် ဇန်နဝါရီလက မန်ယူအသင်းမှ ပေါင်ငွေ ၁ ဒသမ ၃ သန်းဖြင့် အက်စတွန်ဗီလာအသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

မန်ချက်စတာ ယူနိုက်တက် အသင်းတွင် ၁၈လကြာနေထိုင်ခဲ့ပြီး ၃၉ပွဲ ကစားပေးခဲ့သည်။ ဆောက်သမ်ပတန်အသင်းနည်းပြ စတီကောတာရီးလ်က ဂျမ်ဘာဂျမ်ဘာသည် ကြံ့ခိုင်မှုကောင်းပြီး ကစားအားရှိသူတစ်ဦး ဖြစ်ကြောင်း၊ အသင်းအတွက် အထောက်အကူများစွာ ပေးနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **(အင်တာနက်)**

အီတလီနိုင်ငံတစ်ဝန်း အများပြည်သူများအား ကမ္ဘာ့ဖလားဆုကို လှည့်လည်ပြသမည်

ရောမ ဇန်နဝါရီ ၁၃

ဂျာမနီ၌ ၂၀၀၆ခုနှစ်တွင် ဆွတ်ခူးခဲ့သော ကမ္ဘာ့ဖလားကို အီတလီနိုင်ငံ တစ်ဝန်း ဖေဖော်ဝါရီလမှစ၍ အများပြည်သူများအား လှည့်လည်ပြသသွားမည်ဖြစ်ကြောင်း အီတလီဘောလုံးအဖွဲ့ချုပ်က ပြောကြားသည်။

အဆိုပါ ကမ္ဘာ့ဖလား ဆုဖလားကို အီတလီနိုင်ငံ၏ မြို့ကြီးတိုင်းတွင် လှည့်လည်ပြသသွားမည်ဖြစ်ကြောင်း အီတလီဘောလုံးအဖွဲ့ချုပ် ကော်မရှင်နာ လူကာပန်ကယ်လီက ပြောကြားလိုက်သည်။

ထိုသို့ ဆုဖလားကြီး အီတလီနိုင်ငံတစ်ဝန်း လှည့်လည်ခြင်းမှာ အနည်းဆုံး ၁၈လကြာမည်ဖြစ်ကြောင်း၊ လာမည့်ကမ္ဘာ့ဖလား ၂၀၁၀ပြိုင်ပွဲအစအထိ ရောက်ရှိသွားနိုင်ကြောင်း ၎င်းက ပြောကြားသည်။ ၎င်းကမ္ဘာ့ဖလားမှာ ဇူလိုင်လက ပြင်သစ်အသင်းကို ပယ်နယ်တီဖြင့် အနိုင်ရခဲ့သည့် အီတလီနိုင်ငံ၏ စတုတ္ထမြောက်ကမ္ဘာ့ဖလား ဖြစ်သည်။ အမ်အင်န်အေ၊ဆင်ဟွာ

လှိုက်လှဲစွာဝမ်းမြောက်ကြောင်း

ဦးမြတ်ဦး(နာယက လပွတ္တာမြို့နယ်အသင်း)
အမျိုးသားညီလာခံ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်
ဗဟိုအလုပ်အမှုဆောင်(အစိုးရခန့်) မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်
နာယက ကဏန်းလုပ်ငန်းရှင်များအသင်း

ဦးမြတ်ဦး လူမှုထူးချွန်(တ)အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၀၇) ဖြင့် ဂုဏ်ထူးဆောင် **လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်)** တိုးမြှင့်အပ်နှင်းချီးမြှင့်ခြင်း ခံရသည့်အတွက် များစွာဝမ်းမြောက်ဂုဏ်ပြုအပ်ပါကြောင်း။

နိုင်ငံတော်အကျိုး၊ ဘာသာ၊ သာသနာတော်အကျိုး၊ လူမှုရေးအကျိုးများကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

လပွတ္တာမြို့မှ –

ဦးအင်းဆက်၊ ဦးမောင်ကျင်၊ ဦးပေါက်စ၊ ဦးကောက်ရိုန်၊
ဦးဝင်းခင်၊ ဦးဟန်ထွေး၊ ဦးနိုင်ဝင်း။

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးအေးကြူက (၁၄)ကြိမ်မြောက် ဆို၊က၊ရေး၊တီးပြိုင်ပွဲ(၁၀–၁၅)နှစ် စန္ဒရားတီးပြိုင်ပွဲဗဟိုအဆင့် ပထမဆုနှင့် (၆၁)နှစ်မြောက် တပ်မတော်နေ့ ပန်းချီပြိုင်ပွဲ(မူကြိုအဆင့်) ပထမဆုရရှိသူ ပဥ္စမတန်း(က)မှ မဖူးငုံကျော်အား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ဗုဒ္ဓပူဇနီယဆီမီး ၉၉၀၀အဖွဲ့(အင်းစိန်) သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်

ရန်ကုန် ဇန်နဝါရီ ၁၃

ဗုဒ္ဓပူဇနီယဆီမီး ၉၉၀၀အဖွဲ့ (အင်းစိန်) တည်ထောင်ခြင်း (၁၀)နှစ်ပြည့် အခမ်းအနားကို ယနေ့နံနက်က အင်းစိန်တောင်သူကုန်းရပ်ကွက် ဝါခင်းတောင် ဘုန်းတော်ကြီးကျောင်း၌ကျင်းပရာ အဖွဲ့သြဝါဒါစရိယ ဝါခင်းတောင်ဆရာတော် ဘဒ္ဒန္တ စန္ဒောဘာသထံမှ ငါးပါးသီလခံယူကာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဟုတ်စွန်က သာသနာရေးဆိုင်ရာများ တင်ပြလျှောက်ထားသည်။

အဖွဲ့နာယက ဦးစိုးဝင်း(စဥ့်ကူစိုးဝင်း)၊ ဥက္ကဋ္ဌ ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ–တောင်တွင်းကြီး)၊ အတွင်းရေးမှူး ဦးခင်မောင်ညွန့်(တရားရုံးချုပ်ရှေ့နေ)တို့က အဖွဲ့၏ ကိုးနှစ်တာကာလအတွင်း ဆွမ်း၊ ဆီမီး၊ ရေချမ်း၊ နံ့သာ၊ သကြားလုံး၊ မုန့်ဆီကြော်နှင့်မုန့်လုံးရေပေါ် ၉၉၀၀ စီ ပူဇော်ပွဲ၊ (၂၇)ကြိမ်ဝါဆိုသင်္ကန်း ဆက်ကပ်ခြင်း ရှစ်ကြိမ်၊ ရဟန်းခံရှင်ပြု၊ သီလရှင်ဝတ်ပွဲ ခုနစ်ကြိမ်၊ ချို့တဲ့ ကျောင်းသား ကျောင်းသူများ ထောက်ပံ့ခြင်း ခုနစ်ကြိမ်နှင့် ညောင်ဦးမြို့ သမိုင်းဝင် ရွှေစည်းခုံဘုရားကြီး၊ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပွဲ အတွက် ကျပ်သိန်း ၆၀ ကျော် အလှူခံပေးခြင်း စသည့် ဆောင်ရွက်ချက်များကို တင်ပြလျှောက်ထားသည်။

မြို့နယ်အတွင်းရေးမှူး ဦးဟုတ်စွန်နှင့် တာဝန်ရှိသူများက ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းဆက်ကပ်ကာ **(အပေါ်ယာပုံ)** ရေစက်ချတရားနာယူကြပြီး ရဟန်းသာမဏေ ၃၆ပါးကို အမှုဆောင်အဖွဲ့က စုပေါင်း၍ နေ့ဆွမ်းဆက်ကပ်ကြသည်။ (ဝ၄၆)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၇ ခုနှစ် ဇန်နဝါရီလအတွက်
(၁၄–၁–၂၀၀၇) ရက်နေ့ နှင့်
(၂၈–၁–၂၀၀၇) ရက်နေ့

အထက(၁)ဒဂုံ ဘက်စုံထူးချွန်ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁၃

ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ၂၀၀၆–၂၀၀၇ပညာသင်နှစ် ထူးချွန်ဆုပေးပွဲ အခမ်းအနားကို အဆိုပါကျောင်းရှိ ဒဂုံသီရိခန်းမ၌ ယနေ့နံနက် ၈နာရီက ကျင်းပသည်။ အခမ်းအနားသို့ မိဘဆရာအသင်းနာယက ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ၊ ဒဂုံမြို့နယ်ပညာရေးမှူး ဦးဝင်းလှိုင်ထိန်၊ ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်၊ မိဘဆရာအသင်းအမှုဆောင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ မိဘများ၊ ဆုရကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဆုချီးမြှင့်

အခမ်းအနားတွင် မိဘဆရာအသင်းနာယက ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့က ၂၀၀၅–၂၀၀၆တန်းစဉ် ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်၍ ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူက ၂၀၀၆–၂၀၀၇ပညာသင်နှစ် ပဥ္စမတန်းမှ ဘာသာစုံထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်သည်။

အမှတ်တရ

ဆက်လက်၍ ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်နှင့် မိဘဆရာအသင်းအမှုဆောင်များက ၂၀၀၅–၂၀၀၆ တန်းစဉ်ထူးချွန်ဆုရရှိသူများ၊ ၂၀၀၆–၂၀၀၇ တန်းစဉ်ဘာသာစုံထူးချွန်ဆုရရှိသူများ၊ တန်းစုံဖွံ့ဖြိုးရေးဆုရရှိသူများနှင့် အနုပညာဖြင့် ဖျော်ဖြေသူများကို ဆရာကြီးက အမှတ်တရဆုများ အသီးသီးချီးမြှင့်ကြသည်။

ဖျော်ဖြေ

အထက(၁)ဒဂုံ သံစုံတီးဝိုင်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများက သီဆိုကပြဖျော်ဖြေကြသည်။ **(မြန်မာ့အလင်း)**

ရုံးသုံးကွန်ပျူတာ သင်တန်းဖွင့်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၃

အမှတ်(၁) စက်မှုဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သော လုပ်ငန်းဆိုင်ရာ ပညာပေးသင်တန်း အမှတ်စဉ်(၁/၂၀၀၇)(ရန်ကုန်)နှင့် ရုံးသုံးကွန်ပျူတာ အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၀၇)(ရန်ကုန်)သင်တန်းဖွင့်ပွဲများကို ယမန်နေ့ နံနက်၉နာရီက အမှတ်(၁)စက်မှုဝန်ကြီးဌာနရှိ သင်တန်းခန်းမဆောင်၌ ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိုက်ထွန်းက အမှာစကား ပြောကြားသည်။

အဆိုပါ လုပ်ငန်းဆိုင်ရာ ပညာပေးသင်တန်း အမှတ်စဉ် (၁/၂၀၀၇)(ရန်ကုန်)သို့ သင်တန်းသား သင်တန်းသူ ၄၆ဦးနှင့် ရုံးသုံးကွန်ပျူတာ အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၀၇)(ရန်ကုန်)သို့ သင်တန်းသား သင်တန်းသူ ၄၅ဦး တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ငါးလုပ်ငန်းဦးစီးဌာနက ရေကြောင်းသတိပေးချက်ထုတ်ပြန်

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော CNOOC Myanmar Ltd.မှ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် (A-4)နှင့် မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် (M-10) တို့၌ Geophysical Survey တိုင်းတာရေး လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV Nan Hai 502 ဖြင့် ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ မတ် ၁၄ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Geophysical Survey တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်မည့် ဧရိယာနှင့် အချိန်ကာလများမှာ Block A-4 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၆ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ် ၀၀ စက္ကန့်၊ မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၆ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၀ မိနစ် ၀၀ စက္ကန့်၊ မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၀ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၁၄ မိနစ် ၀၀ စက္ကန့်နှင့် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၀ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၆ မိနစ် ၀၀ စက္ကန့်အတွင်း၌ ဇန်နဝါရီ၂၀ မှ ဖေဖော်ဝါရီ၁၄ ရက်အထိလည်းကောင်း၊ Block M-10 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၈ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၂ မိနစ် ၀၀စက္ကန့်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၈ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၀၆ မိနစ် ၀၀ စက္ကန့်၊ မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၀ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၂ မိနစ် ၀၀ စက္ကန့်နှင့် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၀ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၀၆ မိနစ် ၀၀ စက္ကန့်အတွင်း၌ ဖေဖော်ဝါရီ ၁၆ ရက်မှ မတ် ၁၄ ရက်အထိလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ပါ၍ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ်(A-4)နှင့် မုတ္တမကမ်းလွန် လုပ်ကွက်အမှတ်(M-10) တို့၌ တိုင်းတာ ရေးရေယာဉ် MV Nan Hai 502 ဖြင့် Geophysical Survey တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်းလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ စက်တပ်သမ္ဗာန်များနှင့် ငါးဖမ်းသင်္ဘောများ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေး ကြေညာထားသည်။ **(သတင်းစဉ်)**

တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၈) အခြေခံ ပညာမူလတန်းကျောင်း၏ ၂၀၀၅–၂၀၀၆ပညာသင်နှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ၂၀၀၆ခုနှစ် ဒီဇင်ဘာ၂၃ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ဘက်စုံထူးချွန်ဆုရရှိသော စတုတ္ထတန်း(ခ)မှ မနှင်းအဥ္ဇလီအား မြို့နယ်ပညာရေးမှူး ဒေါ်ရီရီစိန်က ဆုချီးမြှင့်စဉ်။ (၂၀၀)

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

ပျဉ်းမနားမြို့နယ်အသင်းမှ လိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

ဦးလှမြင့်ဦး (အဖွဲ့ဝင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့) (နာယက၊ ပျဉ်းမနားမြို့နယ်အသင်း၊ ရန်ကုန်)အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက **ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ပထမဆင့်)** ချီးမြှင့်ခဲ့သဖြင့် လိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

အမှုဆောင်အဖွဲ့။

လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း

၂၀၀၇ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၇)ဖြင့် ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအားချီးမြှင့်သော **"သီရိသုဓမ္မ မဏိဇောတဓရ"** ဘွဲ့တံဆိပ်အပ်နှင်းခြင်းခံရသည့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် အလုပ်အမှုဆောင် **"ဦးကိုကိုအေး" (အုပ်ချုပ်မှုဒါရိုက်တာ၊ အမျိုးသားဂေါက်သီးလေ့ကျင့်ရေး(မြန်မာ)လီမိတက်နှင့် ဖြိုးစည်သူထရေးဒင်းကုမ္ပဏီလီမိတက်)** အတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ရှေ့အနာဂတ်တွင်လည်း တိုင်းပြည်နှင့်လူမျိုးအကျိုး၊ သာသနာအကျိုးတို့အား ဆတက်ထမ်းပိုးတိုး၍ အောင်မြင်စွာ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်။

[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]
[illegible]	MIAMI VICE	COLIN FARRELL, JAMIE FOXX GONG LI
[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ပုလောမြို့နေ (ဆရာမ ဒေါ်မေသန်း)၏ရင်သွေး
ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ် ၇၃/၇၄၊ အောင်မင်းခေါင်ဘုရားလမ်း၊ ဝင်ဒါမီယာနေ
ဦးမျိုးဆွေ–ဒေါ်မြရှင်(ပုလဲရတနာ ရောင်းဝယ်ရေး)တို့၏သား

မောင်သူရမျိုး

နှင့်

မော်လမြိုင်မြို့၊ ဘိုကုန်းရပ်၊ အမှတ် ၁၇/စီ၊ သံလွင်ဥယျာဉ်လမ်းနေ
ဦးရွှေဝင်း–ဒေါ်တင်လှ (ချိုနန္ဒာဝင်း စိန်ရတနာရောင်းဝယ်ရေး)တို့၏သမီးကြီး

မအေးသန္တာမွန်

တို့သည် နှစ်ဖက်သော မိဘဆွေမျိုးများ ရှေ့မှောက်တွင်
စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သူရမျိုး–မအေးသန္တာမွန်။

ဂုဏ်ယူ ဝမ်းမြောက်ကြောင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၇) ဖြင့် ဂုဏ်ပြုချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ **သီရိသုဓမ္မသီဂီ** ဘွဲ့တံဆိပ်တော်ကို **ဒေါ်မြရှင် (ပုလဲရတနာရောင်းဝယ်ရေး)** အား ချီးမြှင့်ခြင်းခံရသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူပါကြောင်းနှင့် သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဒေါ်ကြင်ငြိမ်း
စန်းသီရိမာ မိသားစု
မြိတ်မြို့၊ တနင်္သာရီတိုင်း။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဇဗဟန်းမြို့နယ်၊ မြေတိုင်း(၃၅အီး ^{၁}) မြေကွက်အမှတ် (၆၂–ဂျီ–၂) အကျယ်အဝန်း ၀ ဒသမ ၂၇၀ ဧကရှိ ဦးဘသန်း အမည်ပေါက် မြေပိုင်ဂရန် မြေအနက်မှ မခွဲမစိတ်ရသေးသော မြေအကျယ်အဝန်း $\frac{၈၄ပေ\ ဒသမ\ ၂လက်မ}{၈၄ပေ\ ဒသမ\ ၃လက်မ}$ x ၄၂ နှင့်ဗဟန်းမြို့နယ် မြေတိုင်းရပ်ကွက်(၃၅အီး ^{၁}) မြေကွက်အမှတ် (၆၂–ဂျီ/၁–၂) အကျယ်အဝန်း ၀ ဒသမ ၄၀၈ ဦးဘသန်း အမည်ပေါက် မြေပိုင်ဂရန်မြေအနက်မှ မခွဲမစိတ်ရသေးသော မြေအကျယ်အဝန်း $\frac{၈၄ပေ\ ဒသမ\ ၃လက်မ}{၈၄ပေ\ ဒသမ\ ၂\ လက်မ}$ x $\frac{၁၃ပေ\ ဒသမ\ ၈လက်မ}{၁၃ပေ\ ဒသမ\ ၅လက်မ}$ ကို အမှတ် ၂၁၀၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပုဇွန်တောင်မြို့နယ်နေ ဒေါ်ခင်စန်းအေး ၁၂/ဗတထ(နိုင်)၀၀၈၆၅၅ က မြေပုံကူးခွင့် လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန။

ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်တော် တင်မောင်ဝင်း မှတ်ပုံတင်အမှတ် ၁၂/တမန(နိုင်)၀၆၁၃၉၆ ၏ဇနီး နီနီဇင် မှတ်ပုံတင်အမှတ် ၁၂/တမန(နိုင်)၀၁၈၀၆၃ သည် ကျွန်တော်မရှိခိုက် ခွင့်မလွှတ်နိုင်သော ကိစ္စရပ်များကိုပြုလုပ်သွားပါသဖြင့် ၁၀–၁–၂၀၀၇ရက်မှစ၍ ကွာရှင်းပြတ်စဲ ပြီးစီးပါကြောင်း၊ ၎င်းနှင့်ပတ်သက်သော ကိစ္စအရပ်ရပ်ကို တာဝန်မယူပါ။

(စုံစမ်းမေးမြန်းနိုင်ပါသည်။)
တင်မောင်ဝင်း ၁၂/တမန(နိုင်)၀၆၁၃၉၆။

တိုင်းရင်းဆေးပညာဦးစီးဌာန လုပ်ငန်းခွင်မွမ်းမံ သင်တန်းဖွင့်

နေပြည်တော် ဇန်နဝါရီ ၁၃

ကျန်းမာရေး ဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၏ လုပ်ငန်းခွင် မွမ်းမံသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ၁၁ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ တိုင်းရင်းဆေးပညာဦးစီးဌာန ပရဆေးဥယျာဉ် အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းရင်းဆေးပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွန့်က အဖွင့်အမှာစကား ပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။

(သတင်းစဉ်)

လိုင်စင်စာရွက်များပျောက်ဆုံးခြင်း

ဆ/၆၅၁၂ ယာဉ်၏ လိုင်စင်စာရွက်များပျောက်ဆုံးသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်နှင့် ပေါင်နှံရောင်းချပါက ဥပဒေအရ အရေးယူမည်။ **ကျော်မင်းထွန်း ၇/လပတ(နိုင်)၀၆၁၉၆၀။**

ကျေးဇူးဆပ်ပါမည်
ဦးတင်မောင်မြင့် ၁၂/ဗဟန(နိုင်)၀၃၈၃၇၅၏ နိုင်ငံကူးလက်မှတ်အမှတ် ၅၁၀၇၃၉သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း–၆၆၄၈၆။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ခ/၂၉၈၂၊ Isuzu (P[illegible]/U) ယာဉ်လက်ဝယ်ရှိသူအမည် ဦးခင်မောင်မြင့် ၁၃/ဆသန(နိုင်)၀၀၁၄၈၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ရုံး)၊ရန်ကုန်မြို့။

Y.E.S.
Basic Spoken English : Jan-15,20, 22, 27, 29
Pre-Intermediate English : Jan-8,15,22,27, 29
TOEFL, Intermediate English : Jan - 15
Basic Writing, Academic Writing : Jan-15,20,27
Grammar Foundation Course : Jan-27, 29
Academic Preparation for IELTS : Jan- 29
Vocabulary Enrichment Course : Jan - 22
Structure & Written Expression : Jan-15, 27
Issues In Writing : Feb - 5, SAT, IELTS



သီဂီရွှေဝါ ပိုးထည်ဆိုင်
(ဦးသောင်းညွန့် + ဒေါ်သောင်းသောင်း)
❖ နှစ်သစ်အတွက် ငွေရေးချိတ်ဆန်းများနှင့် ပိုးစစ်ကြိုးကြိုးချိတ်၊ ပိုးစစ်ပုဆိုး အမျိုးမျိုး၊ ပဝါဆန်းများကို ပိတ်ရက်မရှိ ဝယ်ယူအားပေးနိုင်ပါသည်။
❖ ဝယ်ယူအားပေးသော မိတ်ဆွေအပေါင်းကို အထူးကျေးဇူးတင်ရှိပါသည်။

ရောင်းမည်
ကျောက်မြောင်း၊ ကွစ္စာသယလမ်း၊ ပတ်ကားတိုက်သစ်၊ ခုနစ်လွှာ၊ ၂၅ပေ x ပေ ၅၀၊ 1 MBR + ရေချိုးခန်း၊ 2 BR အုတ်ပတ်ကား ညှိနှိုင်းဈေးဖြင့် ရောင်းမည်။
ဖုန်း–၅၄၀၆၉၃။

KMD Computer Centre
Network Engineering
လုပ်ငန်းခွင်တွင် Hardware & Network Technician

ဒေါ်လှ စီစဉ်တင်ဆက်သည့်
ပိုးအိစံ နတ်ရေကန်လေးထဲကရွှေမာလာ
SAN STUDIO
DOLLAR MUSIC BAND
Mixing: AZY
TAPE & CD

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ဒုတိယဗိုလ်မှူးကြီး မြင့်စိုးသိန်း ငါးနှစ်ပြည့်အား ရည်စူး၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း စမ်းချောင်း(မြောက်)ရပ်ကွက် ရှမ်းကုန်းလမ်း အမှတ်(၅၈) ၃/ခ နေ ဇနီး ဒေါ်ကြည်ကြည်ဆွေ၊ သမီးမေဝင့်လျှန်းထက်၊ သားမောင်သန့်ဇော်ထက်၊ မောင်ဝေယံထက်၊ မောင်မိုးယံထက် မိသားစုက အလှူတော်ငွေကျပ် တစ်သိန်းတစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယကအကျိုးတော်ဆောင်ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

တိုက်ကြီး-ဂျိုးဖြူကန်လမ်း လမ်းပခုံးကပ် ဆောင်ရွက်

တိုက်ကြီး ဒီဇင်ဘာ ၂၃

တိုက်ကြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်သော တိုက်ကြီး-ဂျိုးဖြူကန်လမ်း ပေ ၅၂၈၀အား လမ်းပခုံးကပ်ခြင်း ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အငယ်တန်းအင်ဂျင်နီယာ-၃ (မြို့ပြ) ဦးအောင်စံသိန်း ကြီးကြပ် ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဒေါ်လီလီ(ခ) အင်ချိန်စွိုး (ခ) ဒေါ်ဖြူဖြူသန့်အား ရည်စူး၍ ရန်ကုန်တိုင်း တာမွေ မြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် သုခလမ်း အမှတ်(၆/ အေ-၅)နေ ခင်ပွန်း ဦးမြင့်သိန်း၊ သမီး မဝင်းဝင်းကြည်-ကိုမြင့်စိုး၊ သား မောင်တင်မောင်ဆွေ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို မိုးမိတ်အနုနာယကဆရာတော် ဘဒ္ဒန္တဝိနယထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) ဘဏ္ဍာတော်ငွေထိန်း ဦးတင့်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြော

တပ်ကုန်း ဇန်နဝါရီ ၆

တပ်ကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသော ၁၃၆၈ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် စာပေဆုနှင်းသဘင် အခမ်းအနားကို ဒီဇင်ဘာ ၂၁ရက် ည၇နာရီက တပ်ကုန်းမြို့ ဗုဒ္ဓသာသနာပြုဗိမာန်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးနေအောင်က အမှာစကားပြောကြားပြီး မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လှ(ရွှေသင်း-ယုလွင်)က မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)က ပေးပို့သော ၁၃၆၈ခုနှစ် စာဆိုတော်နေ့သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် ကဗျာ၊ ဝတ္ထုတို၊ တစ်မျက်နှာဝတ္ထုတိုနှင့် ဆောင်းပါးဆုရရှိသူများအား စာရေးဆရာများက ဆုများပေးအပ်ချီးမြှင့်ပြီး စာရေးဆရာများဖြစ်ကြသော ဆရာကောင်းသန့်၊ ဆရာမ နုနုရည်(အင်းဝ)နှင့် ဆရာလယ်တွင်းသားစောချစ်တို့က စာပေရေးရာများ ဟောပြောကြသည်။ **(စာပေစာနယ်ဇင်း)**

မြို့နယ် သတင်းများ

လမ်းသားအကျယ်တိုးချဲ့၍ ထပ်ပိုးကတ္တရာလမ်းခင်း ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

မန္တလေး ဇန်နဝါရီ ၇

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပု၊ ကော်မတီဝင်ဦးစောလွင်နှင့် ဌာနမှူးများလိုက်ပါလျက် ဇန်နဝါရီ ၃ရက် ညနေ ၃နာရီခွဲက မဟာအောင်မြေမြို့နယ်အတွင်းရှိ ၆၂လမ်းမကြီးတစ်လျှောက် ၃၅လမ်းမှ သိပ္ပံလမ်းအဝိုင်းပတ်အထိ လမ်းသားအကျယ် တိုးချဲ့၍ ထပ်ပိုးလွှာတင် ကတ္တရာလမ်းခင်း ဆောင်ရွက်မည့်လုပ်ငန်းများ (အပေါ်ပုံ)၊ **မြို့တွင်းသန့်ရှင်းသာယာလှပရေးလုပ်ငန်းများနှင့် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်နေမှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။**

ရှေးဦးစွာ မြို့တော်ဝန်နှင့် အဖွဲ့သည် ၃၅လမ်း၊ ၆၂လမ်းဆုံသို့ ရောက်ရှိလာရာ လမ်းတံတားဌာန ဌာနမှူး ဦးအောင်စိုးနှင့် အင်ဂျင်နီယာများက ၆၂လမ်းမကြီး တစ်လျှောက်၊ ၃၅လမ်းမှ သိပ္ပံလမ်းအဝိုင်းပတ်အထိ လမ်းသားအကျယ် တိုးချဲ့၍ ထပ်ပိုးကတ္တရာလမ်းခင်း ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများ၊ အမိုးပိတ် ရေနုတ်မြောင်းကူးတံတားတည်ဆောက်မည့် အခြေအနေများ၊ လူသွားလမ်းပလက်ဖောင်းဆောင်ရွက်မည့် အခြေအနေများကို မြေပုံကားချပ်နှင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ် အတွင်းရှိ သိပ္ပံလမ်းအဝိုင်းပတ် ပန်းအလှ အုတ်ခုံနှင့် သိပ္ပံလမ်းမကြီး တစ်လျှောက်တို့ရှိ လမ်းလယ်ပန်းအုတ်ခုံတို့တွင် စိမ်းလန်းစိုပြည်သာယာ လှပရေးလုပ်ငန်းများ၊ သန့်ရှင်းရေးလုပ်ငန်းများနှင့် ရေနုတ်မြောင်းများ၊ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှု လုပ်ငန်းများကိုလည်းကောင်း၊ မန္တလေး-ပြင်ဦးလွင်သွား လမ်းပေါ်ရှိ အောင်ပင်လယ် အဝိုင်းပတ် ပန်းအုတ်ခုံတို့တွင် ပန်းအလှပင်များနှင့် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှု လုပ်ငန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး သက်ဆိုင်ရာ ဌာနမှူးများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။ **(၃၁၃)**

ဘိုကလေးမြို့ မြောက်ပန်းတံတား တည်ဆောက်

ဘိုကလေး ဇန်နဝါရီ ၃

ဖျာပုံခရိုင် ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် တာဝန်ယူ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် မြောက်ပန်းတံတားတည်ဆောက်မှုလုပ်ငန်းကို ဒီဇင်ဘာ ၂၆ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးနေဦးတို့ ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးလွန်းတင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကိုဦးတို့က ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)**

အဆိုပါ မြောက်ပန်းတံတားသည် အလျားပေ ၁၈၀၊ အကျယ် ၁၄ပေရှိပြီး နိုင်ငံတော် ထောက်ပံ့ငွေကျပ် ၂၂၇သိန်းဖြင့် တည်ဆောက်မည်ဖြစ်ရာ တံတားတည်ဆောက်ပြီးစီးပါက ပတ်ဝန်းကျင် ကျေးရွာအုပ်စု ၃၀ရှိ ပြည်သူများသည် ဘိုကလေး-ဖျာပုံ ကားလမ်းမှ တစ်ဆင့် ရန်ကုန်မြို့သို့ တိုက်ရိုက် သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

သပိတ်ကျင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပေါ်ရပ်ကွက်များသို့ ဧရာဝတီမြစ်မှ မြစ်ရေတင်စနစ်ဖြင့် ဖြန့်ဝေသော ရေဂါလန် ၄၅၀၀၀ ဆံ့ ရေသိုလှောင်ကန် နှစ်ကန်အား သဲနုန်းများ သန့်စင်ဆေးကြောခြင်း၊ ကလိုရင်းဆေးခတ်ခြင်းကို ဇန်နဝါရီ ၂ ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ချမ်းမျိုးမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ဇင်ဇင်သက်တို့ ကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မိုင်းဖြတ်မြို့ ကချင်စံပြကျေးရွာနှင့် စိမ့်စမ်းရေပေးရေးဖွင့်

မိုင်းဖြတ် ဇန်နဝါရီ ၆

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုင်းဖြတ်မြို့နယ် နမ့်နန်းကျေးရွာအုပ်စု ကချင်စံပြကျေးရွာနှင့် စိမ့်စမ်းရေပေးရေးဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ရက် နံနက် ၁၀နာရီက အဆိုပါကျေးရွာမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်စိုးဝင်းနှင့်တပ်မတော်အရာရှိများ၊ ခရိုင်၊ မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျေးရွာသူကျေးရွာသားများ တက်ရောက်ကြသည်။

ထို့နောက် ကချင်စံပြကျေးရွာနှင့် စိမ့်စမ်းရေပေးရေးဖွင့်ပွဲကို ခရိုင်ဥက္ကဋ္ဌ ဦးသိန်းမြင့်၊ အမှုဆောင်အရာရှိ ဦးကိုကိုနှင့် ကျေးရွာအုပ်စုအတွင်းရေးမှူး ဦးယောရှုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ) (မြို့နယ်စည်ပင်)**

ဝန်ကြီးဗိုလ်ချုပ်စောထွန်း ဒဂုံတံတားတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး ချဉ်းကပ်လမ်း မြေကြီးလုပ်ငန်း၊ ကျောက်ခင်းခြင်းနှင့်ကတ္တရာခင်းခြင်းတို့ကိုတစ်ပြိုင်တည်းဆောင်ရွက်ရန်မှာကြား

နေပြည်တော် ဇန်နဝါရီ ၁၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ဒဂုံတံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ စီမံကိန်း ရှင်းလင်းဆောင်၌ တည်ဆောက်ရေးတာဝန်ခံအင်ဂျင်နီယာမှူး ဦးတင့်လွင်က လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

မှာကြား

ယင်းနောက် ဝန်ကြီးက လုပ်ငန်းကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်းဆောင်ရွက်ကြရန်နှင့် ပွင့်လင်းရာသီဖြစ်သဖြင့် ချဉ်းကပ်လမ်း မြေကြီးလုပ်ငန်း၊ ကျောက်ခင်းခြင်းနှင့် ကတ္တရာခင်းခြင်း တို့ကိုပါ တစ်ပြိုင်တည်း ဆောင်ရွက်ကြရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စာမျက်နှာ ၇ ကော်လံ ၁ ❐

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ဒဂုံတံတားတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

တရုတ်ပြည်ကို ဝိုင်းပတ်ရာတွင် ဟာကွက် တစ်ခုလို ဖြစ်နေသော တရုတ်ပြည် အနောက်တောင်ဒေသ၌ မြန်မာနိုင်ငံ တည်ရှိနေရာ မြန်မာနိုင်ငံတွင် အမေရိကန်က ၎င်းတို့၏စစ်စခန်းများ၊ ဒုံးပျံစခန်းများ ထားရှိချင်နေ၊ မြန်မာနိုင်ငံ၌ ၎င်းစစ်စခန်းများကို လက်ခံမည့်အစိုးရ၊ တစ်နည်းအားဖြင့် ရုပ်သေးအစိုးရကို အမေရိကန်က လိုအပ်နေ။

သုတေသီ မြသန်းထွန်း၏ ဆောင်းပါး (စာ– ၈ နှင့် ၉) တွင် ဖတ်ရှုနိုင်ပါသည်။

သဘာဝဓာတ်ငွေ့ သန့်စင်ခြင်းလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ တာဝန်ခွဲဝေဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၃

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇန်နဝါရီ ၁၁ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများလိုက်ပါလျက် လှော်ကားဓာတ်အားပေးစက်ရုံသို့ ရောက်ရှိရာ ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများ ဓာတ်အားထုတ်လုပ်ရေးဌာန ဒုတိယအင်ဂျင်နီယာချုပ် ဦးညွန့်အောင်က လှော်ကားဓာတ်အားပေးစက်ရုံသို့ ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်းနှင့် ကုန်းတွင်းသဘာဝဓာတ်ငွေ့ပိုက်လိုင်းအမျိုးအစားများနှင့် ဆက်သွယ်ဆောင်ရွက်မှုများကိုလည်းကောင်း၊ လှော်ကား၊ ရွာမ၊ အလုံနှင့် သာကေတဓာတ်အားပေးစက်ရုံများသို့ သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ ဆက်သွယ်ဆောင်ရွက်ထားသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့အား ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများဌာန ဒုတိယအင်ဂျင်နီယာချုပ် ဦးသန်းလွင်နှင့် စက်ရုံမှူး ဦးသိန်းဇော်တို့က လှော်ကားဓာတ်အားပေးစက်ရုံသို့ ဆက်သွယ်ပို့လွှတ်ထားသည့် သဘာဝဓာတ်ငွေ့အတွင်းပါရှိသော အမှုန်များကို ငါးမိနစ်လျှင် တစ်ကြိမ် သန့်စင်မှုတ်ထုတ်နေမှုတို့ကို ရှင်းလင်းပြသရာ ဝန်ကြီးက သဘာဝဓာတ်ငွေ့သန့်စင်ခြင်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ တာဝန်ခွဲဝေ ဆောင်ရွက်စေလိုကြောင်း မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် သာကေတ ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး စက်စွမ်းအားပြည့်လည်ပတ်နိုင်ရန် အသစ်လဲလှယ်မည့်လုပ်ငန်းများကို အမြန်ဆုံးလဲလှယ်နိုင်ရေး၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးတို့ကိုမှာကြားပြီး ဓာတ်ငွေ့ပိုက်လိုင်းအတွင်းမှ ထွက်ရှိလာသောအမှုန်များကို ငါးမိနစ်တစ်ကြိမ် သန့်စင်မှုတ်ထုတ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး	* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

14-1 (20) 1 3/24/1905, 10:24 PM